စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှု ဂျာနယ်

The Golden Industrial Journal

အတွဲ ၇၊ အမှတ် ၃၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ



## စက်မှုနိုင်ငံဖြစ်မှ တိုင်းပြည်ချမ်းသာမည်

### နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### မကွေးတိုင်းဒေသကြီးအတွင်းရှိ အကြီးစားစက်ရုံများနှင့် စက်မှုသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

စာမျက်နှာ ၂ သို့-



# မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင် ပြည်ပမှတင်သွင်းရောင်းချသည့် ဈေးနှုန်းထက် ဈေးနှုန်းသက်သာစေရန်လိုအပ်

မျက်နှာဖုံးမှ -



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဇန်နဝါရီလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အကြီးစားစက်ရုံများနှင့် စက်မှုသင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် မကွေးစက်မှုနယ်မြေရှိ အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး) သို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်ရုံတည်ဆောက်ခဲ့မှု၊ စက်ရုံ၏ထုတ်ကုန်ပစ္စည်းများနှင့် ထုတ်လုပ်နိုင်မှုအခြေအတွက်၊ ဈေးကွက်တင်ပို့ရောင်းချနိုင်မှုအခြေအနေနှင့် ထုတ်ကုန်တန်ဖိုးလျှော့ချနိုင်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့်ဦးစိုးသိန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် မော်တော်ယာဉ်များထုတ်လုပ်ရာ၌ ပြည်ပမှတင်သွင်းရောင်းချသည့်ဈေးနှုန်းထက် ဈေးနှုန်းသက်သာရန်လိုအပ်ကြောင်း၊ သွင်းကုန်များများသွင်းပြီး ထုတ်ကုန်များများထုတ်လုပ်ပေးရန်နှင့် ပြည်တွင်းသာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်သည်အထိ ရည်မှန်းချက်ထား လုပ်ဆောင်သွားရန်လိုအပ်ကြောင်း၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသဖြစ်လာပါက အခြားအာဆီယံနိုင်ငံများက ထုတ်လုပ်သောကုန်ပစ္စည်းထက် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူများကကြိုက်နှစ်သက်ပြီး ဝယ်ယူသုံးစွဲမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှု အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါစက်ရုံကို ၂၀၀၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ TATA Motors Ltd. ၏ နည်းပညာပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၁၀ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်ဖွင့်လှစ်ခဲ့သည်။ စက်ရုံတွင် အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှုအလုပ်ရုံနှင့် ထရန်စမစ်ရှင်းဂီယာအလုပ်ရုံတို့ပါဝင်ပြီး LPT 2116 Truck ၊ LPT 2123 Truck ၊ LPT 2523 Dump Truck ၊ 29 Seater Bus နှင့် ဂီယာဘောက်စ်များကို ထုတ်လုပ်လျက်ရှိကြောင်းသိရှိရသည်။

နိုင်ငံတော်သမ္မတသည် ထိုမှတစ်ဆင့် စက်မှုသင်တန်းကျောင်း (မကွေး) သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ဝန်ကြီးဌာနအောက်တွင် စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေနှင့် စက်မှုသင်တန်းကျောင်း (မကွေး) ဖွင့်လှစ်သင်ကြားမှုကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များဖြည့်ဆည်းမှာကြားပြီး သင်တန်းကျောင်းအတွင်း သင်တန်းသားများလက်တွေ့သင်ကြားလေ့ကျင့်မှုကို လှည့်လည်ကြည့်ရှုကာ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးနှင့် မြင်းခြံတို့၌ စက်မှုသင်တန်းကျောင်းများဖွင့်လှစ်ထားပြီး ယင်းသင်တန်းကျောင်းခြောက်ကျောင်းမှ နှစ်စဉ်သင်တန်းသား ၁၀၀၀ ကျော်ကို မွေးထုတ်ပေးလျက်ရှိသည်။ စက်မှုသင်တန်းကျောင်း (မကွေး) ကို မကွေးစက်မှုနယ်မြေ၌ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင်စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းကျောင်းအား ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ( KOICA) ကနည်းပညာနှင့် စက်ပစ္စည်းများထောက်ပံ့ပြီး မော်တော်ယာဉ်အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်း၊ မော်တော်ယာဉ်လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဘာသာရပ်၊ ထရန်စမစ်ရှင်းနှင့် ယာဉ်အောက်ပိုင်းပြုပြင်ထိန်းသိမ်းခြင်း၊ ဆေးမှုတ်ခြင်း၊ ကွန်ပျူတာသုံးဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်ခြင်းဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းကာလမှာ တစ်နှစ်ဖြစ်ပြီး သင်တန်းဆင်းများအနေဖြင့် ဝန်ကြီးဌာနများနှင့် ပြင်ပပုဂ္ဂလိက စက်ရုံများတွင် အလုပ်အကိုင်များ ရရှိလျက်ရှိကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် မင်းလှမြို့နယ် မလွန်မြို့ရှိ အမှတ် (၁၇) အကြီးစားစက်ရုံ (မလွန်) သို့ ရောက်ရှိရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က စက်ရုံတည်ထောင်ခဲ့မှုနှင့် ဖွဲလယ်ယာထွန်စက်များ အပါအဝင် ယာဉ်နှင့် စက်အမျိုးမျိုးထုတ်လုပ်နေမှု၊ ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ ထုတ်လုပ်ရောင်းချမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများက ထုတ်လုပ်မှုတိုးတက်ရေးအတွက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြ

စာမျက်နှာ ၃ သို့ -



**ကျောဖုံး (အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲ) မှ -**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များရရှိခဲ့ကြသော စက်မှုဝန်ကြီးဌာနမှ အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးမှ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၌ မြန်မာနိုင်ငံက စုစုပေါင်းဆုတံဆိပ် ၂၃၃ ဆုရရှိခဲ့ပြီး နိုင်ငံအလိုက် ဒုတိယဆုရရှိခဲ့ကြောင်း၊ နိုင်ငံ့လက်ရွေးစင်အားကစားသမားများတွင် စက်မှုဝန်ကြီးဌာနမှ အားကစားသမား စုစုပေါင်း ၁၇ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်လေးဆု၊ ငွေတံဆိပ်နှစ်ဆု၊ ကြေးတံဆိပ်ငါးဆု စုစုပေါင်းဆုတံဆိပ် ၁၁ ဆု ရယူပေးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အားကစားသမားများကို မိမိအပါအဝင် ဝန်ကြီးဌာနတစ်ခုလုံးက ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ အားကစားသမားများအနေဖြင့် လာမည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင်လည်း မိမိတို့ဝန်ကြီးဌာနနှင့် နိုင်ငံတော်အတွက် အောင်မြင်မှုများရယူပေးနိုင်အောင်ကြိုးစားသွားကြပါဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၄၅ ကီလိုဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ အမှတ် (၁) အထည်စက်ရုံ(ရွှေတောင်)မှ ထုတ်လုပ်ရေးကျွမ်းကျင် (၃) ဒေါ်စံလဲ့ပိုးအားလည်းကောင်း၊ ၇၈ ကီလိုဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ အမှတ် (၂) အထည်စက်ရုံ (ပလိပ်) မှ ထုတ်လုပ်ရေးကျွမ်းကျင် (၃) ဒေါ်အေးအေးအောင်အားလည်းကောင်း၊ ဝိုင်းခြင်း (အခြေခံမျိုးကွဲ အတွဲတစ်) ပြိုင်ပွဲနှင့် ဝိုင်းခြင်း (အခြေခံမျိုးကွဲခွဲတစ်) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသူ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) မှ ထုတ်လုပ်ရေးကျွမ်းကျင် (၃) ဒေါ်ဖြူဖြူဝင်းတို့အား ရွှေတံဆိပ်တစ်ဆုလျှင် ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်းစီနှင့် တစ်ဆင့်မြင့်ရာထူးသို့တိုးမြှင့်ပေးသည့် အမိန့်စာများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းအောင်က ၇၀ ကီလိုဂျူဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသူ အမှတ် (၁) အထည်စက်ရုံ (မရမ်းကုန်း) မှ အလုပ်ရုံစိတ်မှူး ဒေါ်သန္တာဝင်းအား ဂုဏ်ပြုဆုငွေကျပ်ခြောက်သိန်းနှင့် တစ်ဆင့်မြင့်ရာထူးသို့တိုးမြှင့်ပေးသည့် အမိန့်စာကိုလည်းကောင်း၊ ၆၂ ကီလိုတိုက်ကွမ်ဒိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသူ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း) မှ နေ့စားဝန်ထမ်းဖြစ်သည့် ဒေါ်ဝတ်တိုးရီးယားအား ဂုဏ်ပြုဆုငွေကျပ်ခြောက်သိန်းနှင့် အမြဲတမ်းဝန်ထမ်းခန့်အပ်သည့် အမိန့်စာကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်က ၇၀ ကီလို ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) မှ ထုတ်လုပ်ရေးကျွမ်းကျင် (၄) ဦးဇော်နိုင်နှင့် ဂျူဒို kata အတွဲလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ အမှတ် (၆) အထည်စက်ရုံ (ဆားလင်းကြီး) မှ ထုတ်လုပ်ရေးကျွမ်းကျင် (၅) ဒေါ်ခင်ခင်စုတို့အား ဂုဏ်ပြုဆု ငွေကျပ်ငါးသိန်းနှင့် တစ်ဆင့်မြင့်ရာထူးသို့တိုးမြှင့်ပေးသည့် အမိန့်စာကိုလည်းကောင်း၊ ဂျူဒို kata အတွဲလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူ အမှတ် (၄) အထည်စက်ရုံ (ပွင့်ဖြူ) မှနေ့စားဝန်ထမ်းများဖြစ်သော ဦးချစ်မင်းမင်းကိုနှင့် ဦးဖြိုးကိုကို၊ ၄၉ ကီလိုတိုက်ကွမ်ဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိသော အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း) မှ နေ့စားဝန်ထမ်း ဒေါ်အိန္ဒြာအောင်တို့အား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်းစီနှင့်အမြဲတမ်း ဝန်ထမ်းခန့်အပ်သည့် အမိန့်စာများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စာမျက်နှာ ၂ မှ -**



မှုများအပေါ် မှာကြားရာတွင် စက်ရုံအနေဖြင့် အရည်အသွေးကောင်း စက်ပစ္စည်းများကို ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ လမ်းကြိတ်စက်များကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် တွင်ကျယ်စွာသုံးစွဲနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ဆန်စက်ငယ်များကို တောင်သူများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စက်ရုံကို ခေတ်မီတိုးတက်အောင် အဆင့်မြှင့်တင်သွားရန်နှင့် သုံးစွဲသူများကြိုက်နှစ်သက်အောင် ထုတ်လုပ်သွားရန် မှာကြားပြီး စက်ရုံမှထုတ်လုပ်သည့် စက်နှင့်ယာဉ်များ၊ အလုပ်ရုံများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါစက်ရုံကို ၁၉၆၆ ခုနှစ်တွင် ယခင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ မိုတိုကော့(ဖ်) ကုမ္ပဏီနှင့် ပူးပေါင်း၍ စတင်တည်ထောင်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် စတင်ကုန်ထုတ်လုပ်ခဲ့သည်။ စက်ရုံမှ မြင်းကောင်ရေ (၅၀)၊ (၈၀) နှင့် (၉၀) ရှိ ဖွဲလယ်ထွန်စက်များ၊ (၂) တန်နှင့် (၄) တန်လက်တွန်းထွန်စက် နောက်တွဲယာဉ်များ၊ (၁၀) တန်နှင့် (၂၅) တန် သုံးဘီးလမ်းကြိတ်စက်များ၊ ဆန်စက်ငယ်အမျိုးမျိုး၊ စပါးခြွေလှေ့စက်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်များကို ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

## အကြီးစားစက်ရုံ (မလွန်) သို့ တောင်သူများ လာရောက်လေ့လာ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၌တည်ရှိသော စက်မှုဝန်ကြီးဌာန အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၇) အကြီးစားစက်ရုံ (မလွန်) သို့ ဇန်နဝါရီလ ၂၁ ရက်နေ့ နံနက် ၉ နာရီတွင် သရက်ခရိုင်နှင့် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ် ၉ မြို့နယ်မှ တောင်သူ ၁၃၆ ဦးလာရောက်လေ့လာကြည့်ရှုခဲ့သည်။

ရှေးဦးစွာ အမှတ် (၁၇) အကြီးစားစက်ရုံ (မလွန်) အစည်းအဝေးခန်းမ၌ တောင်သူများအား အထွေထွေမန်နေဂျာ ဦးအောင်စိုးဝင်းက စက်ရုံ၏စက်ပစ္စည်းများထုတ်လုပ်နေမှုနှင့် အရည်အသွေးကောင်းမွန်ရေးစီမံ ဆောင်ရွက်နေမှုများကိုရှင်းလင်းပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်နိုင်က လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်နေမှုနှင့် အရစ်ကျစနစ်ဖြင့် တောင်သူများအား ရောင်းချမည့်အစီအစဉ်များနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် စက်ရုံအတွင်း၌ထုတ်လုပ်ထားရှိသော ဆန်စပါးကြိတ်ခွဲစက်မှ လက်တွေ့ကြိတ်ခွဲနေမှုနှင့် လယ်ယာသုံးစက်ပစ္စည်း အဆင့်ဆင့်ထုတ်လုပ်နေမှုများကို တက်ရောက်လာသူများက လေ့လာကြည့်ရှုကြသည်။

အဆိုပါစက်ရုံမှ လယ်ယာသုံးထွန်စက်များနှင့် နောက်တွဲယာဉ်များ၊ တစ်နာရီ ဆန်တင်း ၃၀ နှင့် ၁၅ တင်းကျ ဆန်စပါးကြိတ်ခွဲစက်ငယ်များ၊ ၁၀ တန်နှင့် ၂၅ တန် လမ်းကြိတ်စက်များ၊ 250 CC အင်ဂျင်ပါဝါရှိသော သုံးဘီးဆိုင်ကယ်များနှင့် စပါးခြွေလှေ့စက်များထုတ်လုပ်ရောင်းချပေးလျက်ရှိရာ တောင်သူများအနေဖြင့် စက်ပစ္စည်းများဝယ်ယူလိုပါက ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း ထောက်ခံချက်ဖြင့် စက်ပစ္စည်းတန်ဖိုး၏ ၄၀ % အား ပေးသွင်းထုတ်ယူနိုင်ပြီး ကျန်ငွေအား ၆ လတစ်ကြိမ် ၃၀ % ပေးချေသွားရမည်ဖြစ်သည်။

မင်းဘူးခရိုင်အတွင်းရှိ တောင်သူတစ်ဦးက 'အပြင်မှာဝယ်ရင် စက်ပစ္စည်းရဲ့တန်ဖိုးငွေ အပြည့်ပေးချေရမယ်။ စက်အာမခံမှု မသေချာဘူး။ ယခုစက်ရုံကထုတ်တဲ့စက်ပစ္စည်းတွေက အာမခံချက်ရရှိပြီး ပစ္စည်းတန်ဖိုး၏ ၄၀ % ပေးသွင်းရုံနှင့် စက်ထုတ်ယူအသုံးပြုလို့ရတယ်။ လယ်ယာလုပ်ငန်းခွင်မှာ ယခင်ကထက်လုပ်ငန်းပိုမိုတွင်ကျယ်လာပြီး စိုက်ပျိုးကုန်ကျစရိတ်လည်း သက်သာလာမယ်။ ကျန်ငွေကလည်း ၆ လ တစ်ကြိမ် ၃၀ % ပဲပေးသွင်းရမှာဆိုတော့ ကျွန်တော်တို့တောင်သူတွေရော၊ ရွာမှမြို့ကိုပြေးဆွဲမည့် သုံးဘီးဆိုင်ကယ်တွေအတွက်ပါ အထူးအခွင့်အရေးတစ်ရပ် ချပေးလိုက်သလိုပါပဲ' ဟုဝမ်းသာအားရ ပြောကြားသွားသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# အသေးစိတ်လွန်းရင်




**အေးပြု**

'တစ်သက်လုံး မကြားဖူးတဲ့ဟာတွေ ကြားနေရတယ်။ ဘာတဲ့ 360º degree feedback တဲ့လား။ ဒီအကြံပေးရောက်မှပဲ ငါတို့တော့ ဒုက္ခရောက်တော့မယ် ထင်ပါရဲ့'

ဌာနအကြီးအကဲတစ်ဦးဖြစ်သူ ဦးမြင့်ထွန်းရဲ့တစ်ဦးတည်း ညည်းညူသံပါ။ ထုတ်လုပ်မှုလုပ်ငန်းတစ်ခုမှာ ကုန်ပစ္စည်းအရည်အသွေးထိန်းချုပ်ရတဲ့ အငယ်တန်းအင်ဂျင်နီယာအဖြစ် ၅ နှစ်လုပ်ပြီး၊ ယခုလက်ရှိကုမ္ပဏီကို အလုပ်ပြောင်းခဲ့တာ ၁၀ နှစ်ပြည့်လုပြီ။ ရာထူးလည်းတစ်ဆင့်တိုးခဲ့ပြီမို့ သူ့အောက်မှာ သူ့ဆီတိုက်ရိုက်အစီရင်ခံရတဲ့ အလယ်တန်းအုပ်ချုပ်သူမန်နေဂျာလည်း သုံးယောက်ရှိနေပြီ။

ကုမ္ပဏီရဲ့အကြံပေးအရာရှိ ပြောတဲ့



အတိုင်း feedback ကို ၃၆၀ ဒီဂရီလုပ်ခဲ့တယ်။ အထက်၊ အောက်၊ အဆင့်တူ၊ အပြန်အလှန်အချင်းချင်း ဝေဖန်အကြံပြုချက်တွေနဲ့ တစ်ဦးချင်းရဲ့အားနည်းချက်၊ အားသာချက်တွေကို သူ့အမြင်ကိုယ့်အမြင်ဖလှယ်ကြတာဆိုပေမဲ့ ဦးမြင့်ထွန်းကတော့ သိပ်ဘဝင်မကျပါ။ အကြံပေးအဖွဲ့က အလုပ်သမားတွေနဲ့အင်တာဗျူးလည်း လုပ်သေးတယ်။

'အောက်အဆင့်တွေသွားမေးတော့ သူတို့ရဲ့ပုစ္ဆာန်ဦးနှောက်လေးနဲ့ ဘာသိမှာလဲ။ အလကား အပိုအလုပ်တွေလုပ်တယ်'

ဌာနတွင်းမှာပဲ အချိန်ကုန်ပြီး၊ အပြင်ဗဟုသုတလေ့လာမှုအားနည်းတဲ့ သူ့အတွက် IT ခေတ်ကြီးရဲ့တိုးတက်မှုတွေ၊ စီးပွားရေးလောကအတွင်း၊ အဖွဲ့အစည်းအတွင်း ပြောင်းလဲလာတဲ့ခေတ်မီနည်းစနစ်တွေ၊ ဥပဒေသ အသစ်အဆန်းတွေနဲ့ အလှမ်းဝေးနေတာလည်းကြာပြီ။ သမီးလုပ်သူ အချိန်တွေအများကြီးသုံးနေတဲ့ Laptop ကိုတော့ သွားသွားကြည့်မိသား။ ကိုယ်သာမလုပ်တတ်တာ၊ အသုံးတော့ တည့်မယ့်ပုံပဲ။ သမီးထိုင်ခုံအနောက်ကနေ ကြည့်တာပဲရှိတယ်။ ကိုယ်တိုင်လည်းလုပ်တတ်ဖို့ မကြိုးစားမိတာအမှန်။ ကုမ္ပဏီအလုပ်တွေကိုသာ စဉ်းစားနေမိတာများတယ်။ အရာရာကို စိုးရိမ်စိတ်ကြီးပြီး၊ လက်အောက်ငယ်သားတွေအပေါ်နဲ့ ဌာနတွင်းအသေးစိတ်လွန်းလို့၊ ဌာနကလူတွေ အနေကျုံ့ရတာလည်းရှိရဲ့။ ကိုယ့်လူကြီးရဲ့ အားနည်းချက်ကိုတော့ ဘယ်လျှောက်ပြောမလဲလေ။ ရိုသေသမှုလေးရယ်၊ ရာထူးတိုးချိန်တန်ရင် ဌာနကြီးမှူးမှတ်ချက်ကလည်း စကားပြောသေးတာဆိုတော့ . . . . . ။

× × ×

အကြံပေးအရာရှိနဲ့ တွေ့ရမယ်ဆိုတဲ့ အကြောင်းကြားပြီး ဦးမြင့်ထွန်းက ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်လိုက်တယ်။

'ငါက ဘာမှအမှား ကြီးကြီးမားမားလုပ်ခဲ့တာမရှိဘူး။ ဌာနကလူတွေကိုလည်း ဘာလုပ်လုပ်အသေးစိတ် အသေအချာပြောပြကူညီခဲ့တာပဲ။ အဆိုးတော့ပြောမယ်မထင်ဘူး'


'ဦးမြင့်ထွန်းနော် Management မှာ Micromanaging ဆိုတာ ကြားဖူးလား။ ခင်ဗျားအောက်က အလယ်တန်းမန်နေဂျာသုံးယောက်လုံးက ခင်ဗျားရဲ့ Micro-managing ကို ရပ်တန်းကရပ်စေချင်တယ်လို့ပြောကြတယ်'

'ဗျာ နည်းနည်းလောက် ရှင်းပြပေးပါလား'

'ခေါင်းဆောင်တွေရဲ့အလုပ်မှာ Del-egate လုပ်ရတာ ခင်ဗျားသိမှာပါ။ အလုပ်တာဝန်ထပ်ဆင့်ခွဲပေးတာ၊ အလုပ် Assignment ပေးတာမှာ ခင်ဗျားကသိပ်ကို အသေးစိတ်လွန်းတယ်။



ဘယ်လိုဘယ်ပုံ လုပ်ရမယ်ဆိုတာကအစ အသေးစိတ်တွေပါ အစအဆုံးပြောလေ့ရှိတယ်။ သူတို့လည်း အထိုက်အလျောက်အဆင့်ရှိနေပြီပဲ။ ဘယ်လိုလုပ်ပါ၊ ဒီလိုလုပ်ပါ မပြောစေချင်ဘူး။ သူတို့ကိုယ်ပိုင်ဉာဏ်နဲ့သုံးပြီး လုပ်နိုင်တာပဲ။ ဘာလို့အသေးစိတ်ကအစ လိုက်ပြောနေတာလဲ'



အတန်ကြာတိတ်ဆိတ်နေပြီးမှ ဦးမြင့်ထွန်းဆီက အသံထွက်လာတယ်။

'ကျွန်တော် သူတို့ကိုမယုံလို့ပါ'

'သူတို့ အရည်အချင်းမရှိလို့လား။ သမာသမတ်မရှိလို့လား'

'မဟုတ်ပါဘူး။ သုံးယောက်လုံးတော်ပါတယ်။ သမာသမတ်လည်း ရှိတယ်'

'ဒါဆို ခင်ဗျားဘာကြောင့် သူတို့ကိုမယုံကြည်တာလဲ'

'ပြောရမယ်ဆိုရင်တော့ နည်းနည်းရှည်ပါမယ်။ ကျွန်တော်ပထမဆုံး အရည်အသွေးထိန်းချုပ်တဲ့အလုပ်မှာ ကျွန်တော့်ဆရာကပြောခဲ့တဲ့ စကားလေးကြောင့်ပါ။ ဆရာပြောတာက 'Trust the process, the system and the machines. Don't trust people, as most product quality problems are caused by human error' ဖြစ်စဉ်တွေ၊ စနစ်တွေ၊ စက်တွေကိုယုံ။ လူကိုမယုံနဲ့။ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ ပြဿနာအတော်များများက လူကလုပ်လို့ဖြစ်တာဆိုပြီး ပြောခဲ့တာဆရာ'

'အင်း ခင်ဗျားမသိစိတ်မှာ ဒီစကားက စွဲမြဲနေပြီး၊ လူတွေကိုမယုံတာပေါ့ ဟုတ်လား'

'ဟုတ်မယ်ထင်တယ် ဆရာ။ ဘာမဆိုနှစ်ခါပြန်စစ်လိုက်ရမှ ကျွန်တော်လုပ်ချင်တာမျိုးမလုပ်ရင်လည်း သူတို့ကိုလုပ်အောင် ပြောမိတယ်'

'ခင်ဗျားလမ်းစဉ်ကတော့ ဒီအထိကောင်းနေတယ်။ ဒါပေမဲ့ ရှေ့ခရီးအတွက်ဆိုရင် အလုပ်မဖြစ်ဘူး။ ဒါကိုသဘောပေါက်ဖို့လိုတယ်'

' ကျွန်တော်သိပါပြီ။ အရာရာတိုင်းကို အသေးစိတ်လွန်းနေတာ၊ ငယ်သားတွေအပေါ် လိုတာထက်ပိုတင်းကြပ်စွာထိန်းချုပ်နေတာ၊ Micromanaging ကနေ Macromanaging ဘက်ပြောင်းအောင် ကြိုးစားရမယ်ဆရာ'

'ဒါက အမှန်ဆုံးပဲ။ အသေးအမွှားတွေအပေါ် အာရုံစိုက်လွန်းတော့ အရေးကြီးတာတွေ၊ အဓိကကျတာတွေ လစ်ဟင်းကုန်မှာ ဓမ္မတာပဲလေ။ ကိုယ်ကမသိပေမဲ့ အောက်ကလူကသိတယ်။ ခေါင်းဆောင်ကောင်းဆိုတာ သူတို့အတွက် Grow ဖြစ်အောင် အခွင့်အလမ်းပေးရမှာလေ။ လွတ်လပ်စွာ တွေးခေါ်ကြံဆလုပ်ကိုင်နိုင်စေဖို့ အခြေအနေတွေ ဖန်တီးပေးရမယ်'

'သဘောပေါက်ပါပြီဆရာ။ ကျွန်တော့်အမှား ကျွန်တော်သိပါပြီ'

× × ×

ညနေအလုပ်ဆင်းပြီး အိမ်ရောက်တာနဲ့ ဦးမြင့်ထွန်းတစ်ယောက် သူ့သမီးမသူဇာကို-

'သမီးရေ အဖေ့ကို Google Search မှာ Micromanaging ဆိုတာ ရှာပေးပါဦး'

သမီးဖွင့်ထားပေးတဲ့ Computer မှာဖတ်ရင်းဖတ်ရင်း တစ်နေရာအရောက် ဦးမြင့်ထွန်း မျက်လုံးပြူးသွားပါတယ်။

" The notion of micromanaging can be extended to any social context where one person takes a bully approach in the level of control and influence over the member of a group ......."

ဟေ "Bully" ဆိုပါလား။ သမီးရေ အဖေကိုယ်တိုင် မသိလိုက်ပဲ "bully" ဖြစ် နေပြီ။ **'ပျက်အစဉ် ပြင်ခဏ'** တဲ့။ အမြန် ပြင်မှ ပြင်မှ'

× × ×

**ကျောဖုံး (ရခိုင်ပြည်နယ်တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး) မှ -**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၂၈ ရက်နေ့နံနက် ၉ နာရီတွင် စက်မှုဝန်ကြီးဌာနစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဦးဝင်းသန်း၊ ဦးဇင်ယော်၊ ဦးသိန်းအောင်၊ ဒေါက်တာဇော်မင်းအောင်၊ ဦးထင်အောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပြည်နယ်အစိုးရနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစည်းအဝေးခေါ်ယူညှိနှိုင်းဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ဗဟိုကော်မတီမှလမ်းညွှန်ထားသည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံမဟာဗျူဟာစီမံကိန်းလုပ်ငန်းစီမံချက် (Action Plan) ပါလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအစီအစဉ်အရ လုပ်ဆောင်ရမည့်အချက်များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာတွင် မျိုးစပါး ၁၉,၈၆၀ တင်းဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၆,၃၄၈ ဧကထွန်ယက်စိုက်ပျိုးပေးနိုင်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်း ၃၄ ကျောင်းအနက် ၃၂ ကျောင်းဆောက်လုပ်ပြီးစီးခဲ့ပြီး၊ ငှက်ချောင်းရှိ ၂ ကျောင်းမှာ ၇၅% ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ဆေးပေးခန်း ၂၉ လုံးအနက် ၂၇ လုံးဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် အော်တိုတယ်လီဖုန်းလိုင်းသွယ်တန်းခြင်း၊ အသစ်တပ်ဆင်ခြင်းများကိုလည်း ရမ်းဗြဲမြို့နယ်၊ ဂွမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်တို့တွင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တန်ဖိုးနည်းမိုဘိုင်းဖုန်းများဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ယခင်နှစ်က ဆောင်ရွက်ပေးခဲ့မှုများအပေါ် အားသာချက်၊ အားနည်းချက်များအား ပြန်လည်သုံးသပ်ပြီး ယခုနှစ်အတွင်း ပိုမိုပြည့်စုံစွာဖြည့်ဆည်းပေးနိုင်ရေး အားလုံးဝိုင်းဝန်းဆွေးနွေးအဖြေရှာ ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်ပြီးဆောင်ရွက်ရာတွင် အခက်အခဲများရှိပါကလည်း ပွင့်ပွင့်လင်းလင်းတင်ပြပေးရန်လိုအပ်မည်ဖြစ်ပြီး ကော်မတီအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ရေတို၊ ရေရှည်အစီအမံများကိုစုစည်း၍ မိမိတို့ကော်မတီ၏ရေတို၊ ရေရှည်အစီအမံများအဖြစ် ဘက်စုံမဟာဗျူဟာရေးဆွဲချမှတ်ရေးကော်မတီသို့ ပေးပို့ထားခဲ့ရာမှ ယခု Action Plan ပေါ်ပေါက်ခဲ့ကြောင်း၊ Action Plan ပါအချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော်ပြီးစီးမှုများကို မိမိတို့ကော်မတီမှ ဗဟိုကော်မတီသို့ တိုးတက်မှုအစီရင်ခံစာများပေးပို့ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီပါ လုပ်ငန်းစဉ်များ ပိုမိုပြည့်စုံစွာဖြည့်ဆည်းအကောင်အထည်ဖော်နိုင်ရေးနှင့် Action Plan ပါလုပ်ငန်းစဉ်များကို လိုက်နာအကောင်အထည်ဖော်နိုင်ရေးတို့အတွက် အားလုံးမှဝိုင်းဝန်းကြိုးစားဆောင်ရွက်ပြီး ကောင်းမွန်သည့်အကြံပေးချက်များဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန်ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းဆွေးနွေးကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**QUALITY IS A NEVER ENDING JOURNEY**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တရုတ်နိုင်ငံ၌ စက်မှုလုပ်ငန်းများ ကြည့်ရှုလေ့လာခဲ့

တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စက်မှုလုပ်ငန်းများကို လေ့လာရန်သွားရောက်ခဲ့သော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကူမင်းသံမဏိစက်ရုံနှင့် ပိုင်ယောက်ဆေးဝါးကုမ္ပဏီတို့ကို ကြည့်ရှုလေ့လာပြီး ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Li Ji Heng နှင့်တွေ့ဆုံသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ယူနန်ထိုဖုန်းဆေးဝါးကုမ္ပဏီလီမိတက်၊ အာဆီယံဟော်တယ်သုံးပစ္စည်း ဈေးကွက်၊ ကူမင်းချမ်းနန်ကြွေထည်၊ မြေထည်ကုမ္ပဏီလီမိတက်နှင့် ယူနန်ဖုန်းဖန်မိန်ရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်တို့သို့လည်းကောင်း၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ချုံချင့်မြို့ Tianyuan Chemical Co., Ltd. သို့ လည်းကောင်း၊ ဇန်နဝါရီလ ၂၃ ရက်နေ့ တွင် Changan International Corporation နှင့် Pharmaceutical Main -plant and Trading Co., Ltd. သို့လည်းကောင်း သွားရောက်လေ့လာသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် Caustic Soda and Polyvinyl Chloride (PVC) ထုတ်လုပ်မည့် စက်ရုံစီမံကိန်းဆိုင်ရာကိစ္စများကို တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျာမနီနိုင်ငံမှဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျာမနီနိုင်ငံ၊ GIZ Co., Ltd. မှ Head of Programme Ms. Irina Scheffmann ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၂၈ ရက်နေ့၊ ညနေ ၃ နာရီတွင် ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် GIZ Co., Ltd. နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။



# အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအောက်ရှိ အစုအဖွဲ့များ၏ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအောက်ရှိ အစုအဖွဲ့များ၏ ဒုတိယအကြိမ်အစည်းအဝေးကို ဇန်နဝါရီလ ၂၇ ရက်နေ့ နေ့လယ် ၁ နာရီတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ရှိ အစည်းအဝေးခန်းမတွင်ကျင်းပရာ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကော်မတီကြီးကြပ်မှုအောက်ရှိ အစုအဖွဲ့များအနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ၏လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားနှင့်အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဥပဒေကို လွှတ်တော်များတွင် ဆွေးနွေးနိုင်ရေးတင်ပြထားပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင့်ဆုံးထောက်ပံ့ဆောင်ရွက်ပေးနေကြောင်း၊ SME လုပ်ငန်းရှင်များ မယိုင်လဲအောင်ကာကွယ်ပေးရင်း ကြိုးစားရုန်းကန်သွားရမှာဖြစ်ကြောင်း၊ SME လုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသောပတ်ဝန်းကျင်အခြေခံကောင်းများ ရရှိစေရေး ဖန်တီးပေးရမှာဖြစ်ကြောင်း၊ SME လုပ်ငန်းများအနေဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိပါ တင်ပို့ရောင်းချနိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်သင့်ကြောင်း၊ SME အစုအဖွဲ့များမှ ဆောင်ရွက်ပေးနေသည့်လုပ်ငန်းများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး မီဒီယာများမှတစ်ဆင့် Awareness ရရှိရေးဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လုပ်ငန်းစတင်ထူထောင်နိုင်ရေးအစုအဖွဲ့၊ Monitoring and Evaluation အဖွဲ့၊ ငွေကြေးအရင်းအနှီးလွယ်ကူသက်သာစွာ ရရှိရေးမူဝါဒချမှတ်ရေးအဖွဲ့၊ သတင်းအချက်အလက်ရရှိရေးနှင့် သုတေသနအဖွဲ့၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအဖွဲ့၊ Cluster Development အဖွဲ့၊ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့်အကောင်အထည်ဖော်ရေးအဖွဲ့၊ SME ဥပဒေနှင့်ဆက်စပ်ဥပဒေများရေးဆွဲရေးအဖွဲ့နှင့် ဈေးကွက်ထိုးဖောက်ရေးမူဝါဒချမှတ်ရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မိမိတို့အစုအဖွဲ့အလိုက် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ချက်များနှင့်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

■

**ကျောဖုံး (အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အခြေခံသင်တန်း) မှ -**

စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ အင်္ဂလိပ်စာအရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုအခြေခံသင်တန်း၊ အမှတ်စဉ် (၁/၂၀၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၇ ရက် နံနက် ၉ နာရီတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၇) သင်တန်းခန်းမ၊ နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်တက်ရောက်ပြီး အဖွင့်မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တိုးတက်နေသည့်ယနေ့အချိန်တွင် လူတိုင်းအင်္ဂလိပ်စာကို နိုင်ငံတကာအဆင့်မီတတ်မြောက်ထားဖို့လိုအပ်ကြောင်း၊ နိုင်ငံတကာနှင့် ပွင့်လင်းမြင်သာစွာ ဆက်ဆံလာသည့်အချိန်တွင် နိုင်ငံသားတိုင်း အင်္ဂလိပ်စာအရည်အသွေးမြင့်မားရန် လိုအပ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန် အင်္ဂလိပ်စာကို မဖြစ်မနေတတ်မြောက်ထားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ယူထားပြီး အစည်းအဝေးများတာဝန်ယူကျင်းပရာ၌ နိုင်ငံ့ဝန်ထမ်းများပါဝင်ဆောင်ရွက်ရမှာဖြစ်သည့်အတွက် ဝန်ထမ်းများ အင်္ဂလိပ်စာကျွမ်းကျင်မှုသာ အာဆီယံနိုင်ငံများ၏အလယ်မှာ မျက်နှာမငယ်ရမှာဖြစ်ကြောင်း၊ ထို့အတူ မျက်မှောက်ခေတ်ကာလသည် သတင်းနှင့်နည်းပညာခေတ် (Information Technology Age)၊ ပညာခေတ် (Knowledge Age) ဖြစ်တာနှင့်အညီ ပညာရပ်နယ်ပယ်အသီးသီးနှင့် ဖြစ်စဉ်ဖြစ်ရပ်များသည် အရှိန်အဟုန်ပြင်းစွာ တိုးတက်ပြောင်းလဲဖြစ်ထွန်းလျက်ရှိသောကြောင့် ဝန်ထမ်းများအနေနှင့် နောက်ကျမကျန်စေရန် အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ တတ်မြောက်ထားရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ဝန်ထမ်းတစ်ဦးချင်းကိုယ်ရည်ကိုယ်သွေးများ တိုးတက်မြင့်မားလာစေရေးတို့အတွက် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးကို ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း သင်တန်းမှ သင်ကြားပေးလိုက်သည်နှင့် တင်းတိမ်မနေဘဲ အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်း (Learning Society) တွင် မိမိတို့ကိုယ်တိုင်လေ့လာသင်ယူမှုကို မြတ်နိုးတန်ဖိုးထားသူ၊ အစဉ်လေ့လာသင်ယူသူ (Love for Learning & Life Long Learner) များဖြစ်အောင် ပြုမူနေထိုင်သွားကြပြီး ဌာနကပေးအပ်သည့်တာဝန်၊ နိုင်ငံ့တာဝန်များကို စိတ်ရောကိုယ်ပါအားတက်သရောထမ်းဆောင်ရင်း ပြည်သူ့အကျိုးကိုထမ်းဆောင်သွားကြပါဟု မှာကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား/သင်တန်းသူ ၃၃ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

## စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၁)အထည်စက်ရုံခွဲ (မရမ်းကုန်း) အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိ United Pacific Co., Ltd. သို့ ငှားရမ်းထားသော အမှတ် (၁) အထည်စက်ရုံခွဲ (မရမ်းကုန်း) သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့စက်မှုဝန်ကြီးဌာနအနေဖြင့် စက်ရုံ ၁၄၄ ရုံခန့်ရှိရာမှ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ စက်ရုံများရှင်သန်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း၊ အချို့စက်ရုံများကို ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (PPP)၊ ပုဂ္ဂလိကနှင့်ဖက်စပ်ဆောင်ရွက်ခြင်း (JV) နှင့် ပုဂ္ဂလိကသို့ နှစ်တိုနှစ်ရှည်ငှားရမ်းခြင်း (Lease) စသည်တို့ဖြင့် စက်ရုံတစ်ဝက်ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ အမှတ် (၁) အထည်စက်ရုံခွဲ (မရမ်းကုန်း) ကိုလည်း United Pacific Co., Ltd. သို့ နှစ်ရှည်ငှားရမ်းခဲ့ကြောင်း၊ စက်ရုံအနေဖြင့် ယခင်ကဇာနှင့်ပိတ်ထုတ်လုပ်ခဲ့သော်လည်း ယခုအခါစက်များပြောင်းလဲအစားထိုး၍ ထုတ်ကုန်အမယ်သစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဝန်ထမ်းများအနေဖြင့် အစိုးရ/ပုဂ္ဂလိကမခွဲဘဲ ကျရာကဏ္ဍမှ မိမိအလုပ်ကိုဂုဏ်ယူစွာ ဆောင်ရွက်ကြရေး အားပေးပြောကြား သည်။ တွေ့ဆုံပွဲသို့ အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ United Pacific Co., Ltd. မှ တာဝန်ရှိသူများနှင့် စက်ရုံဝန်ထမ်း ၄၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

# လူ့အခွင့်အရေး ဆုံးရှုံးလေသူ

**စိမ်းစိုဦး**

ဆင်တဲ ကစလ စက်ရုံဝန်ထမ်းလည်းဖြစ်၊ အလုပ်ပိတ်ရက်တွင် ဆံသဆရာလည်းလုပ်သော ကသည်းကုန်းရွာသား ကိုတင်မြင့်ထံ မူလတန်းကျောင်းသားနှစ်ယောက်နှင့်အတူ ဆံပင်ညှပ်ရန်သွားကြ၏။ သို့သော် ကိုတင်မြင့်၏ဇနီးက 'ဆရာ့လူ ဒီနေ့ စက်ရုံမှာ အချိန်ပိုဆင်းရတယ် ဆရာ။ မနက်ကတည်းက ထွက်သွားလေရဲ့။ ရွာသစ်ရွာမှာ သွားညှပ်လိုက်ကြပါလား။ ရွာသစ်မှာ ကိုဖိုးပျော့ဆိုတာရှိပါတယ်။ သူက ဘယ်မှမသွားပါဘူး။ ဝေးတာမှမဟုတ်တာ ဆရာရယ်' ဟုဆို၏။

ကျွန်တော် တာဝန်ထမ်းဆောင်ရာ စက်မှုသင်တန်းကျောင်း (ဆင်တဲ) နှင့် ကသည်းကုန်းရွာကမဝေးသလို၊ ကိုတင်မြင့်က တယောသမား၊ ကျွန်တော်က မယ်ဒလင်သမားဖြစ်၍ ဝါသနာတူကာ အဖွဲ့ကျ၏။ ခင်ကြ၏။ ကိုတင်မြင့်ဇနီးနှင့်လည်း မျက်နှာသိပင်။ 'ဟုတ်ကဲ့ လာမိလက်စနှင့် မထူးတော့ပါဘူးဗျာ။ ကဲ သွားလိုက်ပါဦးမယ်' ဆိုကာ ဆက်လက်ချီတက်ခဲ့ကြ၏။ ကသည်းကုန်းနှင့် ရွာသစ်ရွာမှာ မိုင်ဝက်ခန့်သာဝေး၏။ ကျွန်တော်ဖြတ်သွားဖြတ်လာ လုပ်ဖူးရုံသာရှိပါသည်။ ဆံသဆရာ ကိုဖိုးပျော့ကိုလည်း မမြင်မတွေ့ဘူးချေ။ သို့သော် ဆံပင်ညှပ်ဖြစ်ဖို့က အဓိကပင်တည်း။

သပ်ရပ်လှသော ကိုဖိုးပျော့၏ ဆံသဆိုင်သို့ရောက်၍ ဆိုင်ပေါ်တွင် တွေ့ရသောကောင်လေးနှစ်ယောက်အား 'ဆံသဆရာ ကိုဖိုးပျော့ရှိလားကွ။ တို့ ဆံပင်ညှပ်ချင်လို့' ဟု ကျွန်တော်ပြောလိုက်၏။ 'ဩော် ရှိပါတယ် ဦးလေး လာပါ တက်ထိုင်ပါ။ ဗျို့ ကိုဖိုးပျော့ ဆံပင်ညှပ်မဲ့လူတွေ ရောက်နေတယ်ဗျ။ လာညှပ်ပေးဦး' ကျွန်တော်တို့အား ဆိုင်ပေါ်ခေါ်တင်ရင်း တစ်ဆက်တည်း ဆံသဆိုင်နောက်ဖေးခန်းသို့ လှမ်းအော်ခေါ်ထုတ်ပေးပြီး ဆိုင်ပေါ်မှ ဆင်းသွားကြ၏။ နောက်ဖေးခန်းမှ 'လာပြီ လာပြီ' ဟု အသံနှင့်အတူ ပုံပန်းမကျလှသော လူသားတစ်ဦးထွက်ပေါ်လာကာ 'ဩော် ဧည့်သည်တွေကိုး' ဟု အသံပြုရင်းက ခုံတန်းလျားပေါ်မှတစ်ဆင့် ဆံသထိုင်ခုံနောက်တွင်ရှိနေသော စားပွဲခုံပေါ်ခပ်တည်တည် တက်ထိုင်နေပါတော့သည်။ 'လာလေ။ ဘယ်သူအရင်ညှပ်မလဲ' ဟုမေး၏။

ကျွန်တော်တို့မှာ ကိုဖိုးပျော့ကို အံ့အားသင့်ကာ ရဲရဲပင်မကြည့်ရဲကြချေ။ အသက် ၄၀ ခန့်အရွယ် ခံ့ညားသောမျက်နှာ၊ ပုံပန်းကျသော ဦးခေါင်းနှင့် လက်နှစ်ဖက်သာ အကောင်းပကတိရှိသော ကိုဖိုးပျော့မှာ ဒုက္ခိတပုဂ္ဂိုလ်ဖြစ်နေပါသည်။ လည်ပင်းတိုက ကိုယ်ခန္ဓာထဲ ခွဲဝင်နေသလိုရှိ၏။ ကိုယ်ခန္ဓာမှာ အပြားလိုက်မဟုတ်ဘဲ ဒေါင်လိုက် တစ်စောင်းကြီးဖြစ်နေ၍ ကျောရိုးကွေ့ကောက်ကာ ဘုကြီးလို ခုံးကုန်းနေ၏။ တင်ပါးပိန်ညောင်သလို ခြေထောက်နှစ်ချောင်းလည်း ပိန်ညောင်ကွေးကောက်နေပါသည်။ ကြည့်ရခက်လှသော ဒုက္ခိတတစ်ဦးပင်တည်း။

'သားငယ် ဇော်ဇော် မင်းအရင်ညှပ်ကွာ' ကျွန်တော်ပြော၏။ ကိုဖိုးပျော့က 'ကလေး မင်းနားက ဖင်ထိုင်ခုံလေးယူ



လာခဲ့ကွ။ ဆုံလည်ပေါ်မှာ ဖင်ထိုင်ခုံကိုချပြီးမှထိုင်' ဟု ညွှန်ကြား၏။ စားပွဲကြီးပေါ်တွင် ဆောင့်ကြောင့်ထိုင်နေသောကိုဖိုးပျော့သည် ဆုံလည်ထိုင်ခုံအနီးတိုးကပ်ရင်း သစ်သားသေတ္တာလေးကိုဆွဲဖွင့်၍ ကိုယ်ကာအဝတ်စကိုထုတ်၏။ သေတ္တာကိုသူ့ဘေးနားတွင် ဖွင့်လျက်သားထား၏။ သေတ္တာထဲတွင် ဆံပင်ညှပ်ကိရိယာများ စုံလင်စွာရှိ၏။

ကိုဖိုးပျော့သည် ဆုံလည်ကိုလက်နှင့်လိုသလိုလှည့်၏။ ပြီးလျှင် ဆောင့်ကြောင့်ထိုင်လိုက်၊ ဖင်ထိုင်ခုံလေးကို မှေးထိုင်လိုက်နှင့် ကျင်လည်ကျွမ်းကျင်စွာ ညှပ်နေပါသည်။ စိတ်မသက်မသာဖြစ်ရာမှ ညောင်းညာပြီး၊ အင်း အင်း အဲ အဲ အသံပြုကာ သက်ပြင်းကြီးမကြာမကြာချတတ်သူဖြစ်ပါသည်။ ကျွန်တော့်မှာ ကိုဖိုးပျော့ထံ ဆံပင်လာညှပ်မိခြင်းအတွက် အားပေးရာရောက်လေသလော။ ဒုက္ခပေးရာရောက်လေသလော။ ဝေခွဲရခက်နေမိပါတော့သည်။

'ဟာ ဆရာတို့သားအဖတွေ ဆံပင်လာညှပ်နေကြတာကိုး။ ကိုဖိုးပျော့က လက်ရာကောင်းတယ်ဆရာ။ ကိုဖိုးပျော့ ဒါကျွန်တော်တို့ကျောင်းက ကျွန်တော့်ဆရာဗျ။ လက်ရာကောင်းကောင်းညှပ်ပေးဗျာ' ကျောင်းမှ တပည့်မျိုးညွန့်ရောက်လာကာ စကားကိုဖောင်နေအောင်ပြော၏။ သူတို့ချင်း တရင်းတနှီးရှိကြဟန်တူပါသည်။ ဝင်ထွက်သွားလာနေကြဖြစ်ဟန် ရှိ၏။

'ကိုမျိုးညွန့် ထမင်းကြမ်းစားချင်ရင် အိမ်ကိုသွားလိုက်ဗျ။ ခင်ဗျားညီမ ရှိတယ်။ ငါးကလေးအိုးကပ်ချက်ရှိတယ်' ကိုဖိုးပျော့က ဖော်ရွေပျူငှာစွာပြော၏။ လူခင်ချင်းတွေကိုး။ 'ကိုမျိုးညွန့် ဘာလာလုပ်တာတုန်း' ကျွန်တော်မေး၏။ 'ဝက်စာ ဖွဲ၊ ဆန်ကွဲလိုက်ရှာဝယ်တာဆရာရေ။ ဆရာ ကိုဖိုးပျော့ကို ဆံသဆရာဆိုပြီးအထင်မသေးနဲ့ဗျ။ ကိုဖိုးပျော့က တောသူဌေးလူပျိုကြီးဗျ။ လယ်ခရဲ ဆံပင်ညှပ်ခရနဲ့ ငွေချေးစားနေတဲ့ ပုဂ္ဂိုလ်ပဲ။ သူ့အစ်မအိမ်မှာနေ၊ လမ်းတစ်ဖက်က အိမ်ဟာ သူ့အစ်မအိမ်ပဲ။ လမ်းကိုကူး ဆိုင်ထဲမှာတစ်နေကုန်နေ။ ဆံပင်ညှပ်သူလာညှပ်ပေး။ လူမလာရင် နောက်ဖေးခန်းထဲဝင် ရေဒီယိုလေးနားထောင်။ ထန်းရည်ပေါ်ချိန်ဆို ထန်းရည်လေး တစ်ခွက်တစ်ဖလားမော့။ စားချိန်တန် လမ်းကိုကူး ထမင်းစား။ နေ့လယ်လူမလာရင် တစ်ရေးတစ်မောအိပ်။ ညနေဆို ထန်းရည်တစ်ခါထပ်မော့။ အစားကောင်း၊ အသောက်ကောင်းပေါ့။ ပုလွေလေးနဲ့ကြူ --- အဲ အဲ ကိုဖိုးပျော့ ကျွန်တော့် ဆရာက မယ်ဒလင်သမား။ ကျောင်းမှာ ကာလပေါ်ဝိုင်း တီးဝိုင်းခေါင်းဆောင်ပဲ။ ဆရာ့မယ်ဒလင်နဲ့ ကိုဖိုးပျော့ ပုလွေနဲ့ဆို အရမ်းအတွဲအဖက်ညီမှာဗျ ဟား ဟား ---'။

မျိုးညွန့်က ကိုဖိုးပျော့အား ရယ်ရယ်မောမောနှင့် ရွှန်းရွှန်းဝေအောင် ပြောနေပါသည်။ ကိုဖိုးပျော့က ပြုံးပြုံးကြီး 'အဲ အဲ ကိုဖိုးပျော့ ကျွန်တော့်ဆရာက စာရေးဆရာဗျ သိလား။ စိမ်းစိုဦးကလောင် နာမည်နဲ့ ဝတ္ထုတွေရေးတယ်။ ကိုဖိုးပျော့ ခင်ဗျားရဲ့ အချစ်ဇာတ်လမ်းကို ဆရာ့ကိုရင်ဖွင့်ပြောပြလိုက်ပါလား။ ခင်ဗျား လူ့အခွင့်အရေးဆုံးရှုံးနေပါတယ်လို့ တဖွဖွပြောနေတဲ့ကိစ္စလေဗျာ။ ဟား ဟား --- ခင်ဗျား လူ့အခွင့်အရေးဆုံးရှုံးနေရတဲ့ကိစ္စ နိုင်ငံကျော်သွားမှာ ခင်ဗျားလည်း ဇာတ်လိုက်အလွမ်းမင်းသားအဖြစ် နိုင်ငံကျော်သွားမှာလေဗျာ ဟား ဟား ---။ ဆရာ ကိုဖိုးပျော့ကို အထင်မသေးနဲ့။ လူပျိုကြီးပေမယ့် ရည်းစားနဲ့ ချစ်သူခင်သူနဲ့ အချစ်ဇာတ်လမ်းနဲ့ဗျ ဟဲ ဟဲ'

မျိုးညွန့်က သဘာဝလိုလို၊ ဟာသလိုလို၊ အတည်လိုလို၊ အနောက်အပြောင်လိုလိုနဲ့ စုံတကာ့စေ့အောင် ပြော၏။ 'ကိုမျိုးညွန့်ကလည်းဗျာ ဘာတွေလျှောက်ပြောနေမှန်းမသိဘူး' ကိုဖိုးပျော့က ရှက်ကိုးရှက်ကန်းလုပ်ကာပြော၏။ ကိုဖိုးပျော့ကိုကြည့်ရသည်မှာ လူသာအရိုးပျော့ပိုလီယိုဒုက္ခိတဖြစ်နေသော်လည်း စိတ်ပိုင်းဆိုင်ရာအရမူ ပုံမှန်စိတ်ရှိဟန်တူပါသည်။ မျိုးညွန့်ပြောသလို ကိုဖိုးပျော့တွင် ရည်းစားသနာရှိသည်ဆိုပါက ထူးထွေသည့်အံ့ရာသော်ဟု ဆိုရပါမည်။

'ဆရာ ကျွန်တော် ဝက်စာဖွဲဆန်ကွဲရှာတစ်ပတ်လျှောက်မေးလိုက်ဦးမယ်။ ကျောင်းကိုအတူပြန်ရအောင် ကျွန်တော်ပြန်လာခဲ့မယ်ဆရာ' ဟုဆိုကာ ခပ်သွက်သွက်ပင် ဆိုင်မှထွက်သွား၏။ မျိုးညွန့်မှာ နှုတ်သွက်လျှာသွက် အကုန်သွက်သလောက် စည်းရုံးရေးကောင်းဟန်တူပါသည်။ ကျွန်တော်နှင့်ကိုဖိုးပျော့မှာ မျိုးညွန့်ဆက်စပ်ပေးသွား၍ တေးဂီတဝါသနာတူချင်းဖြစ်သွား၏။

ကျောင်းသို့အတူပြန်ကြစဉ် ကျွန်တော့်စိတ်အာရုံရောက်နေမိသော ကိုဖိုးပျော့၏အချစ်ဇာတ်လမ်းကို မျိုးညွန့်အား စူးစမ်းမေးမြန်းရ၏။ 'ကိုမျိုးညွန့်၊ ကိုဖိုးပျော့မှာ အချစ်ဇာတ်လမ်းရှိတယ်ဆိုတာ တကယ်လား။ မင်းတမင်သက်သက် အပြောင်အပျက်ပြောတာလား။' 'ကိုဖိုးပျော့ကတော့ တကယ်လို့ပြောနေတာပါပဲဆရာ။ ကျွန်တော်လည်း မယုံချင်ပါဘူး။ ကိုဖိုးပျော့ အခြေအနေကိုလည်း ကြည့်ဦးလေဆရာရယ်။ ဒါပေမဲ့ ကိုဖိုးပျော့က လူကသာဒုက္ခိတဖြစ်နေတာ။ စိတ်ကတော့ယောကျ်ားသား လူကောင်းတစ်ယောက်လို မိန်းမနဲ့ဘာနဲ့နေချင်ပုံရပါတယ်။ လူပျိုကြီးဆိုတော့ ကိုရနိုးစိတ်၊ ကိုဖိုးစွံစိတ်ရှိဟန်လည်း တူပါတယ်ဆရာ ဟား ဟား'

'ဖြစ်ပုံကဒီလို ဆရာ၊ သူ့အစ်မက ချောင်လည်ပြည့်စုံသလို ရောင်းရေးဝယ်တာနဲ့ တခြားမြို့ရွာတွေသွားတတ်တယ်။ တခြားမြို့ရွာကလူတွေလည်း သူ့အစ်မဆီလာတည်း လာရောင်းရှိပါတယ်။ ကိုဖိုးပျော့ကတော့ သူ့အစ်မအိမ်နဲ့သူ့ဆံသဆိုင်ကူးရုံလောက်ပဲ သွားနိုင်ပါတယ်။ ဘယ်သွားသွား လှည်းနဲ့ပဲသွားလာရတဲ့လူပါပဲ'

'တခါက ကံမနယ်ဘက်က မသန်း

စာမျက်နှာ ၈ သို့ -

# ဖြည့်စွက်လုပ်ငန်းစဉ်များ (Supplemental Operations) အကြောင်း

အလွန်မြင့်မားသော သိပ်သည်းဆ (သို့) အတိုင်းအတာများအတွက် ခွင့်ပြုမှုပမာဏမပေးရသည့်လုပ်ငန်းစဉ်များကို Sintering ပြုလုပ်ရာတွင် Cold Working လုပ်ငန်းစဉ်နှင့် ဆောင်ရွက်ရသည်။ ဤနည်းစဉ်ကို ဒင်္ဂါးသွန်းခြင်း (Coiling or Pre-pressing) ဟုခေါ်ဆိုကြသည်။ ဤနည်းစဉ်သည် အပူပေး၍ တွယ်ဆက်မှုအားကောင်းစေရန်ဆောင်ရွက်ထားပြီးသော ပစ္စည်းများအားပို၍သိပ်သည်းဆကောင်းအောင် လုပ်ဆောင်ရာတွင် အသုံးပြုရသည်။ ၎င်းအပြင် Die အတွင်း များစွာသော Plastic Deformation ကို ရရှိနိုင်သည်။ ဤဖြစ်စဉ်များမှ သတ္တုအမှုန့်များကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ပို၍ရှုပ်ထွေးခက်ခဲသော ပုံဏ္ဍာန်များကိုရရှိနိုင်သည်။ ထို့အပြင် Die အတွင်းဖြစ်ပေါ်လာသည့် ကန့်သတ်ချက်အားလုံးကိုခွင့်ပြုပေးနိုင်သည်။ များစွာသောလုပ်ငန်းကိစ္စများဖြစ်သည့် အတိုင်းအတာခွင့်ပြုမှုပမာဏပေးထားရန်မလိုအပ်သောကိစ္စရပ်များတွင် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစွာထုတ်လုပ်နိုင်ပါသည်။

ကြားအပူချိန် (Intermediate Temperature) နှင့် အပူပေး၍ တွယ်ဆက်မှုအားကောင်းအောင် ပြုလုပ်သောအခါတွင် ကြားကာလအခြေအနေသာဖြစ်ပေါ်လာပေမည်။ ဤဖြစ်စဉ်မျိုးကို Pre-sintering ဟုခေါ်သည်။ ဤအခြေအနေတွင်ရှိသော သိပ်သည်းမှုသည် စက်ခုတ်စားမှုစွမ်းရည်ကို ကောင်းမွန်စေသည်။ သို့တည်းမဟုတ် အပူပေးပြီး တွယ်ဆက်မှုအားကောင်းအောင် ပြုလုပ်ပြီးပစ္စည်းများထက် စက်ခုတ်စားရာတွင် ပျော့ပျောင်းမှုရှိကြသည်။ အချို့သောကိစ္စရပ်များတွင် ဖိသိပ်ခြင်းပြုလုပ်ပြီးနောက် Resintering ပြုလုပ်လိုက်သောအခါတွင် များစွာသော စက်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိများ တိုးတက်လာကြသည်။ သတ္တုများကို တစ်သမတ်တည်းအပူပေး၍ တွယ်ဆက်မှုအားကောင်းစေခြင်းထက် နှိုင်းစာလျှင် ကြေးနီ (Copper) ၆၀% နှင့် သံ (Iron) ၃၀% ပါဝင်သောသတ္တုကို Resintering ပြုလုပ်သောအခါတွင် ၎င်းတို့၏ Tensile Strength သည် ပိုမိုတိုးတက်လာကြသည်။

သို့ရာတွင် ဤလုပ်ငန်းစဉ်ကြောင့် Tensile Strength တိုးတက်လာသည်မှာမှန်သော်လည်း သတ္တုအမှုန့် (Particle) အတွင်းရှိ ဝတ်ဆံအရွယ်အစား (Grain Size) ကြီးထွားလာသည့်အပြင် ရှုံ့ဝင်မှု (Shrinkage) များအရ အတိုင်းအတာများ ပျက်ပြားသွားနိုင်သည်။ ထိုအခါမျိုးတွင် အရွယ်အစားခွဲခြားမှုလုပ်ငန်း (Sizing Operation) ပြုလုပ်ရသဖြင့် အစိတ်အပိုင်းများ၏ ကုန်ကျစရိတ်တိုးမြှင့်လာကြသည်။ သီးခြားစီအသုံးပြုမည့် အခြေအနေပေါ်မူတည်ပြီး အပူပေး၍တွယ်ဆက်မှုအားကောင်းအောင် ပြုလုပ်ပြီးသောပစ္စည်းများကို လိုအပ်နေသည့် အခြားအခြားသောဂုဏ်သတ္တိရရှိစေရန် အပူပေးရသည်။ မာရှိန်ပြောင်းခြင်းလုပ်ငန်း (Heat Treatment) ဆောင်ရွက်ခြင်းဖြင့် ပါဝင်လာသော အကြောလိုက်မှုများကို ဖြေလျှော့ပေးနိုင်သည်။ သို့မဟုတ် အမာများနေမှုအတွက် အမာဖျော့ခြင်း (Annealing) လုပ်ငန်းကို ဆောင်ရွက်ရသည်။ သံပါဝင်မှုမရှိသောသတ္တုစပ်များ (Nonferrous Alloy) ၏ ပါဝင်မှုများသင့်လျော်စေရန် Age Hardening လုပ်ငန်းဆောင်ရွက်ပေးရသည်။ စတီးလ် (Steel) များအတွက် အမာတင်ဆီသုံး၍ Quench Hardening (သို့) ကာဗွန်သွင်း (Carburizing) ၍ တိုက်ရိုက်အမာတင်ခြင်း (Case Hardening) ပြုလုပ်ပေးရသည်။

သတ္တုအမှုန့်များသုံး၍ ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ရာတွင် နောက်ဆုံးလုပ်ဆောင်ရသည့် လုပ်ငန်းအဆင့်ဆင့်မှာ စက်ခုတ်စားခြင်း (Machining)၊ ဖြတ်တောက်ခြင်း (Shearing)၊ ထုတ်ခြင်းဖောက်ခြင်း (Broaching)၊ ပြောင်လက်အောင်ပွတ်တိုက်ခြင်း (Burnishing)၊ ဖြောင့်တန်းစေခြင်း (Straightening)၊ ပိတ်ဆို့ခြင်း (Debarring)၊ ကျောက်စက်စားခြင်း (Grinding) နှင့် သဲနှင့်ပစ်ပေါက်ချေးချွတ်ခြင်း (Sand Blasting) တို့ဖြစ်ကြသည်။ မျက်နှာပြင်ကာကွယ်မှုပြုလုပ်ရာတွင် လျှပ်စစ်ဓာတ်အားသုံး သတ္တုရည်စိမ်ခြင်းဖြင့်လည်းကောင်း၊ သတ္တုရည်များအား အပေါ်ယံလွှာဖြန်းပက်ခြင်းဖြင့်လည်းကောင်း ပြုလုပ်နိုင်သည်။ အမျိုးမျိုးသော တွဲဆက်မှုနည်းလမ်း (Joining Method) များတွင် ကြေးဝါနှင့်သွပ်အမှုန့်များ ရောစပ်အသုံးပြုသည့်လုပ်ငန်း (Brazing) ကို တွင်တွင်ကျယ်ကျယ်အသုံးပြုကြပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**ကိုစ (သတ္တုဗေဒ)**

## မြတ်သစ္စာ



ဘုရားပောကြား၊ မြတ်တရားဦး
ပွားများကရုဏာ၊ မြတ်သစ္စာကြောင့်
သြဇာလေးနက်၊ မြေဆီတက်၍
နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်ပြီး
လွန်ပင်ငြိမ်းချမ်းခဲ့ဖူးသည် ..... ။

ပမာတင်ပြ၊ သုဝဏ္ဏ၏
မြားကျဒဏ်ရာ၊ အဆိပ်နာလျှင်
သစ္စာရွတ်ကြ၊ မိနှင့်ဖကြောင့်
လျှောကျအဆိပ်ပြေဖူးသည် .... ။

ယခုအခါ၊ သစ္စာစကား
တို့ဆိုကြားအံ့၊ အများပြည်သူ
သဘောတူပြီး၊ ညီတူဆုံးဖြတ်
ဆိုလတ်သစ္စာ၊ ရွတ်ဆိုပါမည်
ဝေဆာလန်းဆန်း၊ ငြိမ်းချမ်းပန်းလျှင်
ပြည်ခွင်တစ်ဝှမ်း၊ လွှမ်းစေလို့သည်
ရန်ကိုရန်ချင်းမတုံ့လို့ .... ။
ပျံ့ဝဲချိုးဖြူ ဝဲစေလို့ .... ။

**စစ်တွေ (ကြာခိုင်)**

**စာမျက်နှာ ၇ မှ -**

မြင့်ဆိုတဲ့ ရုပ်သန့်သန့်နဲ့လည်ဝယ်ပါးနပ်တဲ့ အသက်အစိတ်လောက်အပျိုဆိုသူက သူ့အစ်မအိမ်ကိုရောက်လာပြီး ခြင်ထောင်၊ အိပ်ရာခင်းတွေလာရောင်းပါတယ်။ ဈေးကြီးတဲ့ပစ္စည်းဆိုတော့ တော်ရုံနဲ့ရောင်းမစွံဘဲ ရက်အတော်ကြာသွားတယ်။ ကျွန်တော်လည်း အဲဒီ မသန်းမြင့်ကို မြင်ဖူးတွေ့ဖူးလိုက်ပါတယ်ဆရာ’

‘အိမ်က တခြားလူတွေမှာ လုပ်ငန်းကိုင်ငန်းတွေနဲ့ မအားလပ်ကြပေမယ့် မသန်းမြင့်နဲ့ကိုဖိုးပျော့က အိမ်မှာ အမြဲတမ်းနီးပါး တွေ့နေရ၊ မြင်နေရတော့ လူပျိုသိုးကြီး ကိုရနိုး၊ စွံချင်စိတ်ပေါက်ဟန်တူပါတယ်ဆရာ။ ကိုဖိုးပျော့က ငွေချေးစားနေတဲ့တောသူဌေးဆိုတော့ မသန်းမြင့်ကို ပိုးကြေးပန်းကြေးတွေနဲ့ စေတနာရေစီးကမ်းပြိုလိုက်ပြီး မိန်းမအသုံးအဆောင်တွေ၊ အဝတ်အစားလက်ဆောင်ပဏ္ဏာတွေ ဝယ်ဝယ်ပေးဟန်တူပါတယ်။ သူတို့နှစ်ယောက်ရဲ့အတွင်းကြိတ်ဆက်ဆံရေးကို ဘယ်သူမှမသိနိုင်ပါဘူး။ ကိုဖိုးပျော့ဘက်ကတော့ ဟား ဟား။ ရာနှုန်းပြည့်လိုလားဟန်တူပါတယ်။ မသန်းမြင့်ကို ဟိုဟာဒီဟာတွေ ဝယ်ပေးတာကိုလည်းသိရော သူ့အစ်မက ပွဲကြမ်းတော့တာပဲ ဆရာရေ’

မသန်းမြင့်ကို ‘ငါ့မောင်ဒုက္ခိတကို မြူစားချူစားနေတယ်လို့ စွပ်စွဲပြီး အိမ်ပေါ်က နှင်လွှတ်လိုက်တယ်။ ကိုဖိုးပျော့ကိုလည်း ‘မယားတရူး နင့်ကိုယ်နင်ပြန်ကြည့်ဦး။ လူလူသူသူဖြစ်လား။ အိမ်တစ်ဆောင် မီးတစ်ပြောင်ထားနိုင်မယ့် အရည်အချင်းရှိလား။ ဒုက္ခိတက ဒုက္ခိတလိုမနေဘူး။ မိန်းမကိစ္စ စိတ်ကူးသေးတယ်’ ဆိုပြီး ဆန်ရင်းနာနာဖွတ်ပစ်၊ မှိုချိုးမျှစ်ချိုး ပြောဆိုပစ်တော့ ဟား ဟား ကျွန်တော့်ဘော်ဒါ ကိုဖိုးပျော့ ဖီလင်အောက်ပြီး ကြေကွဲနေတော့တာပဲဆရာရေ။ သူ့အစ်မကြားဝင် ပွဲကြမ်းခဲ့ခွာပစ်တာကြောင့် သူတို့အချစ်ဇာတ်လမ်း နိဂုံးမလှဖြစ်သွားရတာတဲ့။ သူ့အစ်မကြောင့် သူ့မှာ လူ့အခွင့်အရေးတွေ ဆုံးရှုံးနစ်နာကုန်ရပြီး အသည်းကွဲကုန်ပါပြီ တဲ့ ဟား ဟား’

‘ကိုဖိုးပျော့က ပုလွေတို့နဲ့တို့မှုတ်တဲ့ အနုပညာသမားဂီတသမားလေ ဆရာရဲ့။ ခံစားတတ်တယ်၊ ပြောတတ်တယ်၊ လူ့အခွင့်အရေးဆုံးရှုံးနေရတယ်၊ အသည်းကွဲနေရတယ်ဆိုတဲ့စကားကိုတော့ ကျွန်တော့်ကိုလည်းပြောပါတယ်။ ပြောပုံကိုက နာနာကျည်းကျည်း ကြေကြေကွဲကွဲနဲ့သနားစရာပါပဲ။ ဒါပေမဲ့ ကိုဖိုးပျော့ကို ခုဆရာလည်း မြင်ဖူးပါပြီ။ ကိုဖိုးပျော့ဟာ သူပြောတဲ့ လူ့အခွင့်အရေးရသင့်လား၊ မရသင့်ဘူးလား၊ မိန်းမတစ်ယောက်ကို တာဝန်ယူနိုင်လား၊ မယူနိုင်ဘူးလား ဆရာ့အမြင်ကိုပြောပါဦး ဟား ဟား’

‘ဟဲ ဟဲ ငါ့ကိုဆွဲမထည့်ပါနဲ့ကွာ။ ကိုဖိုးပျော့ကို ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာရုံးကိုပို့ပြီး အဆုံးအဖြတ်ခံတာ ပိုကောင်းမယ်ကွ။ လူကြီးတွေ ခေါင်းကုတ်ဖင်ကုတ်ဖြစ်နေကြမှာ မြင်ေ[redacted]ာင်သေးကွာ ဟား ဟား’။

# ယနေ့လက်ရှိရရှိနေတဲ့ အခွင့်အလမ်းကြီးသုံးရပ်



ချိုကြီး (ပခုက္က)

ကျွန်ုပ်တို့လူ့အဖွဲ့အစည်း လူ့ဘောင်လူ့လောကတွင် ကြီးပွားတိုးတက်ရန်၊ အောင်မြင်ရန်၊ ပျော်ရွှင်ရန်၊ ငြိမ်းချမ်းရန်အခွင့်အလမ်းများကို ရှာဖွေကြရ၏။ အခွင့်အလမ်း အမျိုးမျိုးရှိပါသည်။ အောင်မြင်မှုအခွင့်အလမ်း၊ ကျော်ကြားမှုအခွင့်အလမ်း၊ ကျန်းမာရေးအခွင့်အလမ်း၊ အချစ်ရေး၊ အိမ်ထောင်ရေးအခွင့်အလမ်း၊ လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးစီးပွားအတွက် အဆင်ပြေစေတဲ့အခွင့်အလမ်း စသည်စသည်ဖြင့် ဖော်ပြ၍မကုန်နိုင်အောင်ရှိပါသည်။ အခွင့်အလမ်း၏အရေးပါအရာရောက်မှုကို တစ်ဦးချင်းသာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါသုံးသပ်လေ့လာလျှင် များစွာစိတ်ဝင်စားဖွယ်ကောင်းမည်ဖြစ်ပါသည်။ အခွင့်အလမ်းတွေအမျိုးမျိုးရှိသည့်အထဲမှ လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားအတွက်အဆင်ပြေစေမည့် ယခုအခွင့်အလမ်းကိုအမိအရဖမ်းမိပါက ယခုဘဝအတွက်သာမက နောက်နောင်ဘဝများစွာတိုင် အကျိုးရရှိစေမည့် အခွင့်အလမ်းအကြောင်းကိုဖော်ပြမည်ဖြစ်ပါသည်။ ပထမဦးစွာ သာသနာနှစ် (အနှစ်ငါးရာ) မှာ နာယကကြီးတစ်ခုတည်ရှိခဲ့ပုံကို ဖော်ပြမည်ဖြစ်ပါသဖြင့် ကျွန်ုပ်နာယူမှတ်သားခဲ့သောတရားတော်များထဲမှ စုစည်းတင်ပြလိုက်ပါသည်။

ကျွန်ုပ်တို့ကိုးကွယ်ဆည်းကပ်နေသော ဂေါတမမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာနှစ်ငါးထောင်တည်ထားခဲ့သည်ဟု ဗုဒ္ဓဘာသာဝင်တိုင်းသိရှိကြမည်ဖြစ်ပါသည်။ သာသနာနှစ်ငါးထောင်ကို တစ်ဝက်ခွဲ၍နှစ်ထောင့်ငါးရာကို ပထမဦးစွာကြည့်ရပါမည်။ ယင်းသာသနာနှစ် နှစ်ထောင့်ငါးရာအတွင်းမှာ (နှစ်ငါးရာ) လျှင် တစ်ကာလစီတည်ရှိခြင်းဖြစ်၍ ကာလ ၅ ခုတည်ရှိမည်ဖြစ်ပါသည်။ ဤသည်ကို နာယကကြီး ၅ ခုဟု သတ်မှတ်ပါသည်။ အသေးစိတ်မှတ်သားနာယူထားသမျှကိုဖော်ပြရလျှင်-

၁။ဝိမုတ္တိနာယက - ဝိပဿနာတရားများထွန်းကားပြီး အရိယာသူတော်စင်များထွန်းကားသောကာလ (ပထမနှစ်ငါးရာအတွင်း)

၂။သမာဓိနာယက - သမာဓိတည်သူ၊ ဈာန်ရရှိသူပေါ်များသောကာလ (ဒုတိယနှစ် ငါးရာအတွင်း)

၃။သုတနာယက - ဘုရား၏ဒေသနာများအား ရှာဖွေကျင့်ကြံသူများပေါ်များသောကာလ (တတိယနှစ်ငါးရာအတွင်း)

၄။သီလနာယက - သီလစောင့်ထိန်းသူများ ပေါ်များသောကာလ (စတုတ္ထနှစ် ငါးရာအတွင်း)

၅။ဒါနနာယက - အလှူအတန်းဒါနပြုသူများ ပေါ်များသောကာလ (ပဉ္စမနှစ် ငါးရာအတွင်း)

မြတ်စွာဘုရားထားရှိခဲ့သော သာသနာနှစ်ငါးထောင်၏တစ်ဝက်မှာ အထက်ပါအတိုင်း ကာလ ၅ ခုတည်ရှိပြီးဆုံးခဲ့ခြင်းဖြစ်ပါသည်။ ယနေ့ဆိုလျှင် သာသနာသက္ကရာဇ် ၂၅၅၇ ခုနှစ်ဖြစ်သောကြောင့် ကာလကြီး ၅ ခုကုန်လွန်ပြီး၍ အမှတ်စဉ် (၁) ဝိမုတ္တိနာယကအတွင်းသို့ ၅၇ နှစ်မျှ နောက်တစ်ကျော့ ပြန်လည်ရောက်ရှိနေခြင်းဖြစ်ပါသည်။ ‘ဝိမုတ္တိတစ်ကျော့ပြန်ပရမတ်သံကြားရမယ်’ ဆိုသည့်အတိုင်း ဝိပဿနာတရားထွန်းကားသောကာလဖြစ်သောကြောင့် တရားစခန်းများ၊ တရားပွဲများကို နေရာတိုင်းမှာလိုလို ကျွန်ုပ်တို့မြင်တွေ့နေကြရသည်မှာ ဝမ်းမြောက်စရာကောင်းလှပါသည်။ ထို့အပြင် အခွင့်အလမ်းကြီးသုံးရပ်နှင့်လည်း ကြုံတွေ့နေကြပါသေးသည်။ ယင်းတို့မှာ-

၁။ တရားဟောပြောနိုင်သော ဆရာသမားကောင်း - ရဟန်းသံဃာတော်များ၊ ဝိပဿနာတရား ဟောပြောနိုင်သည့်ပုဂ္ဂိုလ်များ၊ ဆရာကောင်းသမားကောင်းများ

၂။ နာကြားနိုင်သောတရား - လူသားတစ်ဦး၏နား၊ ဗုဒ္ဓဘာသာဝင်တစ်ဦး၏နာကြားနိုင်သောနား

၃။ တရားရှုမှတ်အားထုတ်၍ရသောအခြေအနေ - အေးချမ်းသာယာသောနေရာများ၊ အခမဲ့ကျွေးမွေးပြုစုသောတရားစခန်းများ၊ ဘုန်းကြီးကျောင်းများ

စသောအခွင့်အရေးကြီးသုံးရပ်မှာ ကျွန်ုပ်တို့လက်ရှိဘဝတွင် ရရှိနေဆဲပင်ဖြစ်သည်။

အကယ်၍များ အထက်မှဖော်ပြခဲ့သော အမှတ်စဉ် ၁ နှင့်ဆန့်ကျင်ဖက်အခြေအနေများဖြစ်သည့် ဝိပဿနာတရားဟောပြောပို့ချမည့် ဆရာသမားကောင်းများမရှိခဲ့ပါလျှင် နိဗ္ဗာန်ရောက်ကြောင်း၊ သံသရာလွတ်ကြောင်းတရားတော်များ နာယူရန်ခက်ခဲပြီး အဆုံးမရှိသောသံသရာမှာ ကျင်လည်ကြရဦးမည်ဖြစ်ပါသည်။

အကယ်၍များ အမှတ်စဉ် ၂ နာကြားနိုင်သောနားရှိပါလျက်နှင့် ဗုဒ္ဓဘာသာဝင်တစ်ဦးမဟုတ်ခဲ့ခြင်းကြောင့် ကံ ကံ၏အကျိုးကိုယုံကြည်မှုမရှိခြင်း၊ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သော်လည်း တရားနာယူရန်ခက်ခဲသောနေရာဒေသများ၌ မွေးဖွားရခြင်း၊ အဆိုးဆုံးမှာနားမလည်သောတိရစ္ဆာန်တစ်ကောင်၏နားဖြစ်ခဲ့လျှင် သံသရာမှလွတ်ရန် အခွင့်အလမ်းနည်းပါးလှပေမည်။

အမှတ်စဉ် ၃ အရ တရားဘာဝနာပွားများပြီး ငြိမ်းချမ်းမှုကို မိမိအနေဖြင့်ရလိုပါသော်လည်း မိမိ၏မိသားစုသည် မိမိ၏အလုပ်အကိုင်ပေါ်တွင်မှီခိုနေကြရခြင်း၊ အလုပ်တွင်စိတ်ရောကိုယ်ပါနှစ်မြှုပ်၍ စားဝတ်နေရေးအတွက် လုံးပမ်းနေရခြင်း၊ တရားအားထုတ်ရန်နှင့် တရားနာယူရန်ခက်ခဲသောရောဂါဝေဒနာဆိုးများရရှိနေကြသူများအတွက် ဝိပဿနာတရားနာယူရန်အခွင့်အလမ်းများရှိလျက်နှင့် လွဲချော်နေကြသူများဖြစ်နေသည်ဟုထင်ပါသည်။။

ကျွန်ုပ်တို့၏ ယခုလက်ရှိဘဝသည်ပင် အထက်ဖော်ပြပါအခွင့်အလမ်းကြီးသုံးရပ်နှင့်ကိုက်ညီစွာရရှိနေ သောဘဝများပင်ဖြစ်ပါသည်။ ထို့ကြောင့် လယ်တီပဏ္ဍိတဦးမောင်ကြီးရေးသားခဲ့သော ‘အခွင့်သာခိုက်မှမလိုက်ချင်လျှင် အမိုက်နင့်ပြင်ရှိသေးလိမ့်လား’ ဆိုသည့် ကဗျာလေးအားသံဝေဂယူပြီး အလေ့အကျင့်မှစရိုက်၊ စရိုက်မှဝါသနာဖြစ်၍ တရားနာယူရှုမှတ်လိုသည့်ဝါသနာရရှိလာအောင် ကြိုးစားရမည်ဖြစ်ပါသည်။ သို့ပါသောကြောင့် လက်ရှိလုပ်ကိုင်နေဆဲ စားဝတ်နေရေးလုပ်ငန်းများကိုလုပ်ကိုင်ရင်း အပ္ပမာဒတရားလက်ကိုင်ထားပြီး မမေ့မလျော့သောဇွဲလုံ့လတို့ဖြင့် ဝိပဿနာတရားများကို နာယူမှတ်သားအားထုတ်နိုင်ပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

မှတ်ချက် ။ နာယူမှတ်သားခဲ့သောတရားတော်များမှစုစည်း၍ နားလည်သလိုတင်ပြခြင်းဖြစ်သဖြင့် လိုအပ်သည်များကိုဖြည့်စွက်ဖတ်ရှုပေးပါရန် တောင်းပန်အပ်ပါသည်။


## စာမူနှင့် သတင်းများ ဖိတ်ခေါ်ပါသည်

ရွှေစက်မှုဂျာနယ်တွင် ထည့်သွင်းဖော် ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ Internet သတင်း များ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသ စာမူများနှင့် စက်ရုံနယ်မြေအလိုက်သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ shwesethmu@ gmail. com သို့လည်းကောင်းပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် ဖုန်းနှင့် လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

(ရွှေစက်မှုဂျာနယ်)

ဆောင်းပါး

# မွေးဖွားသန့်စင် ဝတ္ထုတစ်ပုဒ်လုပ်ငန်းစဉ်ကို ရှာဖွေခြင်း



ဝတ္ထုတိုတစ်ပုဒ်ရေးထုတ်လိုသဖြင့် အခြေခံရမည့်လုပ်ငန်းစဉ်အား ရှာဖွေမိပါသည်။ ဝတ္ထုတစ်ပုဒ်ရေးသားရာတွင် အဓိကအခြေခံရန် လိုအပ်သောအချက်တို့မှာ လူ့သဘာဝအဖြစ်အပျက်တို့ကို အခြေပြု၍ စာဖတ်သူပရိသတ်တို့ စိတ်ပါဝင်စားလာအောင် ရေးသားဖွဲ့နွဲ့တင်ပြရသောစာဖြစ်ခြင်းကြောင့် ဝတ္ထုတစ်ပုဒ်သည် လူသားတို့၏ဘဝ၌ နေ့စဉ်တွေ့ကြုံမြင်တွေ့ခံစားနေရသောဖြစ်ရပ်များအတွင်းမှ တစ်ခုခုကို အခြေခံ၍သော်လည်းကောင်း (သို့) အကြောင်းအရာတစ်ခုခုကို အခြေပြု၍သော်လည်းကောင်း ရေးသားတင်ပြရသောစာမျိုးဖြစ်ပါသည်။

ဝတ္ထုတစ်ပုဒ်ရေးရာတွင် စာရေးသူအနေဖြင့် စာဖတ်သူများသို့တစ်စုံတစ်ရာသောအသိပေးလိုခြင်း ရည်ရွယ်ချက်နှင့် စာဖတ်သူတို့၏နှလုံးသားမှတစ်ဆင့် ဦးနှောက်အထိစွဲမြဲသွားအောင် တင်ပြလိုသောအကြောင်းကိစ္စကို အသိပေးခြင်းမျိုးဖြစ်ရန် ရည်ရွယ်ထားသင့်ပါသည်။

ဝတ္ထုတိုရေးရာတွင် မိမိကိုယ်တိုင်ဇာတ်ကောင်နေရာမှ ပါဝင်ပြောပြနေဟန်ရေးသားနည်းဖြင့် ရေးသားနိုင်သလို၊ သူတစ်ပါး၏အဖြစ်အပျက်ကို စာရေးသူကပြောပြနေဟန်ရေးသားနည်းဖြင့်လည်း ရေးသားနိုင်ကြ၏။ မိမိဝတ္ထုတွင် ဇာတ်ကောင်များဖန်တီးကာ ဇာတ်ကောင်များ၏သက်ဝင်လှုပ်ရှားမှုကို စာရေးသူကလိုက်လံမှတ်တမ်းတင်သည့်နည်းဖြင့်လည်း ရေးနိုင်ပါသည်။ ဤရေးနည်းသုံးမျိုးတွင် တစ်ခုခုကိုအသုံးပြု၍ ကြိုက်နှစ်သက်ရာနည်းစနစ်တစ်ခုခုကိုရွေးချယ်ကာ ရေးသားနိုင်သည်။

ဝတ္ထုသည် လူ့သဘာဝအဖြစ်အပျက်အကြောင်းအရာမှ လာခြင်းမှန်သော်လည်း တကယ့်ဖြစ်ရပ်များအတိုင်း ထင်ဟပ်ဖော်ပြခြင်းမျိုး မပြုသင့်ပါ။ ဝတ္ထုရေးခြင်းအတတ်ပညာဖြင့် အနုပညာမြောက်စွာဖန်တီးထားသော ဇာတ်ကောင်စရိုက်၊ ဇာတ်တည်ဆောက်ပုံ၊ ဇာတ်သိမ်းပုံတို့ကို သူ့နေရာနှင့်သူ အချိတ်အဆက်မိမိ၊ အချက်ကျကျရေးသားဖို့က အရေးကြီးပါသည်။

ဝတ္ထုတစ်ပုဒ်ရေးသားသောအခါ၌ ခေါင်းစဉ်သည် အရေးကြီးပါသည်။ ခေါင်းစဉ်တစ်ခုသည် ခေတ်ကာလနှင့်ကိုက်ညီမှုရှိပြီး ခေတ်မီရန်လိုအပ်သလို၊ မိမိရေးသည့် ဝတ္ထုအကြောင်းအရာနှင့် ဝါကျများ၊ ကျစ်ကျစ်လျစ်လျစ်၊ ခိုင်ခိုင်မာမာဖြစ်ရန် ကြိုးစားရပါမည်။ ဖြစ်နိုင်ပါက ခေါင်းစဉ်လေး၊ ငါးပုဒ်ခန့်ရေးသားကာ ရွေးချယ်မှုပြုလုပ်ပြီး အလိုက်ဖက်ဆုံးခေါင်းစဉ်ကို ရွေးချယ်နိုင်ပါက ပိုမိုသင့်တော်ပါသည်။

ဝတ္ထုဆိုသည်မှာ စိတ်ကူးအတွေးဖြင့် ဖန်တီးထားသောဇာတ်ကောင်၊ လူ၊ ပစ္စည်း၊ တိရစ္ဆာန်တို့၏ အတ္ထုပ္ပတ္တိဖြစ်သည်ဟု ရှေးဆိုရိုးစကားတစ်ခုရှိခဲ့သည်။ မိမိရေးသားသောဝတ္ထု (သို့) အတ္ထုပ္ပတ္တိ၌ ကျစ်လျစ်သိပ်သည်း၍ ခိုင်မာလှပသောခွန်အားရှိသော စကားစုများဖြင့် အနုပညာရသမြောက်စွာရေးသားတင်ပြဖို့က အရေးကြီးသည်။

အနုပညာဖန်တီးမှုတိုင်း၌ ဂုဏ်၊ ရသ၊ အလင်္ကာတို့ကို သင့်တော်ရာနေရာများတွင် ထည့်သွင်းဖော်ပြရခြင်းသည်သာ ရသမြောက်သောဝတ္ထုတစ်ပုဒ်ကို စာဖတ်သူအတွက် ဖန်တီးနိုင်မည်။ ဝတ္ထုတစ်ပုဒ်ရေးရာတွင် စာရေးနည်းဟန်ဖြင့် ရေးသားနိုင်သလို အခြားတစ်နည်းဖြစ်သည့် စကားပြောဟန်ရေးနည်းကိုလည်း သုံးနိုင်သည်။ အဓိကအချက်မှာ ဝတ္ထု၏အတွင်းသရုပ်နှင့်လိုက်ဖက်သော ရေးနည်းပုံသဏ္ဍာန်ကို ရွေးချယ်အသုံးပြုခြင်းက ပိုမိုအသက်ဝင်သော ဝတ္ထုတစ်ပုဒ်ကိုမွေးဖွားဖော်ထုတ်လိုက်ခြင်းဖြစ်၍ စာဖတ်သူကိုစိတ်ကျေနပ်မှု ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။

ဝတ္ထုသည် ခေတ်ပြိုင်ကိုထင်ဟပ်ရာ၌ အပြည့်စုံဆုံး၊ အကျယ်ပြန့်ဆုံး၊ ရသအများဆုံးပါဝင်သော အနုပညာပုံသဏ္ဍာန်ဖန်တီးမှုဖြစ်၍ လူ့ပတ်ဝန်းကျင်ကိုရေးသားဖွဲ့ဆိုထားသည့် လက်ရာဖြစ်အောင် ဖန်တီးကာ စာဖတ်သူလူသားတို့၏ နှလုံးသားနိုးကြားလှုပ်ရှားလာမှုဖြစ်အောင်၊ တိုက်တွန်းနိုးဆော် ထိတွေ့ခံစားနိုင်အောင် ရေးသားတင်ပြရပါမည်။

ဝတ္ထုရေးသူတစ်ဦးအနေဖြင့်လည်း ဆရာကြီးဒဂုန်တာရာအဆိုအရ အမှန်တရားကိုရှာဖွေသော အနုပညာရှင်အဘိဓမ္မာဆရာတစ်ဦး ဖြစ်ရမည်ဟုဆိုပါသည်။ အမြင့်ဆုံးဝတ္ထုကို ရေးသားသူသည် 'အဘိဓမ္မာဆရာ' ဖြစ်၍ အနိမ့်ဆုံးဝတ္ထုရေးဆရာများကတော့ စာဖတ်သူများအား 'ပျော်တော်ဆက်ဖျော်ဖြေရေးသမား' ဟု အသိပေးဖွင့်ဆိုရှင်းပြထားပါသည်။

ဝတ္ထုကောင်းတစ်ပုဒ်သည် လူတို့၏စိတ်ကိုနိုးကြားလာအောင်၊ လှပလာအောင်၊ မြင့်မြတ်လာအောင်၊ အားမာန်သစ်ဝင်လာအောင်၊ လုပ်ကိုင်နိုင်စွမ်း၊ ပြုပြင်နိုင်စွမ်းရှိရမည်။ ဝတ္ထုကောင်းတစ်ပုဒ်၏သရုပ်ဖော်မှုတွင် စိတ်ကူးယဉ်မှုတို့ကို ပေါင်းစပ်ထားသည်မှန်သော်လည်း ဝတ္ထုအရည်အချင်းတွင် စွမ်းအားရှိမှု၊ လှပမှု၊ သိမ်မွေ့မှုရှိ၍ လှုံ့ဆော်မှုအားကောင်းခြင်းတို့ပေါ်လွင်မှုကြောင့် ဝတ္ထုတစ်ပုဒ်ကိုဖတ်ပြီး တက်ကြွလာအောင်လုပ်နိုင်သလို၊ ပျော့ခွေသွားအောင်၊ ယိုင်လဲသွားအောင် ဆောင်ရွက်နိုင်စွမ်းရှိကြသည်။ ထိုသို့ ရသများပါအောင်ရေးဖွဲ့နိုင်ခြင်းက အနုပညာဖန်တီးမှု၏ စွမ်းအားထက်မြက်မှုကြောင့်ဟု ဆိုကြပါသည်။

ဝတ္ထုတစ်ပုဒ်သည် အနုပညာရသမြောက်သည်ဟုဆိုရာ၌ ဝတ္ထုရေးဆရာက အဘယ်မျှလောက် လှပပေါ်လွင်အောင် လူ့သဘာဝကို သရုပ်ဖော်နိုင်စွမ်းရှိသည်ဟူသောအချက်က အဓိကဆိုလိုရင်းဖြစ်ပေသည်။ ဝတ္ထုတွင် ဇာတ်ကောင်၏ပုံပန်းသဏ္ဍာန်ကို ပီပြင်အောင်ဖွဲ့နွဲ့ရေးသားနိုင်ရမည်။ အတွေးအခေါ်နှင့် အတွေ့အကြုံတို့က သီကုံးဖွဲ့နွဲ့မှုစွမ်းအားတို့အတွက် ပြီးပြည့်စုံသော အထောက်အပံ့ဖြစ်သလို ဝတ္ထုကောင်းတစ်ပုဒ်ရရှိရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုလည်း ဖြစ်ပေသည်။

ဝတ္ထုဖတ်သူတိုင်းကဖတ်ပြီးလျှင် ဝတ္ထုကောင်းသည်၊ သင့်သည်၊ ညံ့သည်၊ မှတ်ချက်ချတတ်ကြပါသည်။ ထိုသို့ဖြစ်ရသောအကြောင်းအရင်းများအနက် ပထမအချက်မှာ ဝတ္ထုသည်ကောင်းလွန်း၍ အစမှအဆုံးအထိ လက်မှမချချင်အောင် ဆွဲဆောင်နိုင်မှုကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ ထိုဝတ္ထုကို မကြာခဏတောင့်တောင့်တတ ပြန်ဖတ်ချင်စိတ်ပေါ်လာအောင် ဆွဲဆောင်ထားနိုင်မှုကြောင့်ဖြစ်သည်။ တတိယအချက်မှာ အရွယ်သုံးပါးအလိုက် အရသာအမျိုးမျိုးပေးတတ်နိုင်ခြင်းကြောင့်ဖြစ်သည်။ စတုတ္ထအချက်မှာ ခေတ်ကမည်သို့ပင်ပြောင်းစေ စာဖတ်သူများက အမြတ်တနိုးဖတ်ရှုသုံးစွဲခြင်းခံရလျှင် ဂန္ထဝင်ဝတ္ထုတစ်ပုဒ်ဖြစ်သွားမည်သာဖြစ်သည်။ ထို့ကြောင့် ဝတ္ထုတစ်ပုဒ်ကို စွဲလမ်းစွာဖတ်မိခြင်းမှာ ဝတ္ထုတွင်ပါဝင်သည့် 'မက်လုံး' များကြောင့်ဖြစ်သလို၊ နောက်ထပ်အခါခါ အထပ်ထပ်ပြန်ဖတ်ချင်အောင်ဆွဲဆောင်နိုင်ခြင်းမှာ 'ငြိလုံး' များကြောင့်ဖြစ်၏။ ဝတ္ထုတစ်ပုဒ်ရေးဖွဲ့ရာတွင် ရသကိုးပါးကဲ့သို့ 'မက်လုံး' နှင့် 'ငြိလုံး' များသည် အရေးကြီးကြောင်းတွေ့ရှိရသည်ဟု ဆရာကြီးအောင်သင်းကယူဆ၍ ခွန်အားရှိသော အတို့အထိကလေးများသည်လည်း 'ငြိလုံး' အဖြစ်ရောက်ရှိလာနိုင်သလို၊ ရှေ့ဘာဖြစ်လာမလဲဆိုသည်ကို သိချင်စိတ်ပေါ်အောင် ဆွဲဆောင်နိုင်ခြင်းက 'မက်လုံး' အားကောင်းမှုကြောင့်ဖြစ်သည်ဟု ဆိုထားပါသည်။

အချုပ်အားဖြင့်ဆိုရသော် မိမိရေးဖွဲ့ထားသောဝတ္ထုတစ်ပုဒ်သည် စာဖတ်သူတို့ နှစ်သက်ခြင်းအမျိုးမျိုးပေါ်ပေါက်လာအောင်ဖွဲ့နိုင်၊ ရေးသားစပ်ဆိုနိုင်ရမည်ဖြစ်သည်။ မိမိရေးသော ဝတ္ထုတစ်ပုဒ်သည် စာဖတ်သူအား အသိပညာတိုးပွား၍နှစ်သက်မြတ်နိုးခြင်းနှင့် အနုပညာရသမြောက်စွာဖွဲ့ဆိုထားမှုတို့ကြောင့် ခံစားရသောနှစ်သက်ခြင်းမျိုးကို ပေးစွမ်းနိုင်ရမည့်အပြင် စာဖတ်သူအားလက်တွေ့ဘဝတွင် အသိဉာဏ်ဖွံ့ဖြိုး၍ စဉ်းစားဆင်ခြင်နိုင်ခြင်းတို့ကြောင့် လောကတွင်မြတ်နိုးဖွယ်ရာများပေါ်ပေါက်လာအောင် ရေးသားနိုင်စွမ်းရှိမှုများက ဝတ္ထု၏အခြေခံများသာဖြစ်ပါသည်။

ဝတ္ထုရေးဖွဲ့သော အတတ်ပညာသည် လူ့သဘာဝအဖြစ်အပျက်များကို အခြေခံ၍ရေးဖွဲ့ရခြင်းကြောင့် စိတ်ကောင်းကို အခြေခံကာ စေတနာအရင်းခံထားသော ရေးဖွဲ့မှုဖြစ်ပါက လူ့ဘဝအတွက်ကောင်းသော အသိပညာနှင့်တန်ဖိုးမဖြတ်နိုင်သော ဘဝအတွေ့အကြုံများအဖြစ်သင်ခန်းစာပေးစွမ်းနိုင်သည်သာမက ခွန်အားအဖြစ်ပြောင်းလဲကာ လောကဓံတရားကို တန်ပြန်တိုက်ဖျက်ရာ၌ လူ့စွမ်းအားများဖွံ့ဖြိုးတိုးတက်၍ ဘဝကိုလေ့ကျင့်ပျိုးထောင်ရာရောက်သဖြင့် စာဖတ်သူများက လက်ခံနိုင်သောဝတ္ထုကို အောင်မြင်စွာမွေးဖွားရေးထုတ်သွားနိုင်မည်ဟု ယုံကြည်မိပါသည်။

ကျမ်းကိုးစာရင်း

၁။ ဝတ္ထုရေးရာဆောင်းပါးများ (ဆရာအောင်သင်း)

၂။ စာရေးနည်းလမ်းညွှန် (စာရေးဆရာအလ္လာ)

၃။ THIRD YEAR TEXT BOOK (for philosophy students)

တင်ကြည်ဦး (စစ်ငြိမ်းအေး)

# တစ်လိမ်နှစ်လိမ် မုန့်ကြိုးလိမ်

အားလပ်သည့်တစ်ရက်တွင် နှစ်ပေါင်းများစွာကွဲကွာခဲ့သောကျောင်းနေဘက် စက်မှုအထက်တန်းကျောင်းတက်ခဲ့သည့် ငယ်သူငယ်ချင်းများနှင့် တောင်ဥက္ကလာပဘေလီတီတားအနားရှိ စိမ်းလဲ့မြေစားသောက်ဆိုင်သို့ ချိန်းကာ ရှေးဟောင်းနှောင်းဖြစ်စကားတွေပြောရင်း အချိန်တွေကုန်မှန်းမသိ ကုန်ခဲ့ပါ၏။ ပြန်ခါနီးကျမှ အိမ်သော့တွေအားလုံး ပါလာမှန်းသိရပါတော့၏။ အဲဒီတော့မှ 'ကက' ဌာန၍အမြန်လစ်ခဲ့ရပါတော့သည်။

ကျွန်တော့်ဇနီးမြို့ထဲသွားသည်မှာ ကြာမည်ထင်ခဲ့သော်လည်း ယခုအိမ်ရှေ့၌ မည်သည့်အချိန်ကရောက်ရှိနေသည်မသိ။ အိမ်ထဲဝင်ရန်သော့မရှိသဖြင့် ဒေါသူပုန်ထကာ အိမ်ရှေ့တန်းလျားပေါ်တွင် ထိုင်စောင့်နေပါ၏။

ကျွန်တော်ငှားစီးလာသောကား ကျွန်တော့်ဇနီးအနားသို့ဆိုက်လိုက်တယ်ဆိုရင်ပဲ-

'ဟဲ ဟဲ သူငယ်ချင်းတွေနဲ့မတွေ့ရတာကြာတော့ စကားလက်ဆုံကျနေတာ နည်းနည်းနောက်ကျသွားတယ်'

ဟုမျက်နှာချိုသွေးလိုက်ရပါ၏။ သူငယ်ချင်းတွေနှင့်စကားလက်ဆုံကျရင်း ဘယ်လောက်သောက်မိသွားသည်မသိ။ ကျွန်တော့်၏စကားလုံးများက လျှာလိပ်၍နေပါတော့သည်။ တံခါးကိုဖွင့်ပြီး အိမ်ထဲကိုဝင်လိုက်တယ်ဆိုရင်ပဲ ပေါက်ပေါက်ဖောက်ပါတော့သည်။

'ဟင် နေ့ခင်းကြောင်တောင်ကြီး လူကကိုယ့်ကိုယ်ကိုယ်တောင်မဟန်နိုင်တော့ဘူး။ အိမ်နီးနားချင်းတွေက ကြည့်နေကြတယ်။ မရှက်ဘူးလား။ ရှင်မရှက်ပေမဲ့ ကျွန်မရှက်တယ်'

'တော်ကွာ သူငယ်ချင်းတွေနဲ့တစ်ခါတလေဆုံတုန်းသောက်တာ နားလည်မှုမရှိတဲ့မိန်းမ'

'မတော်တော့ ဘာလုပ်ချင်လဲ။ ထိရဲထိကြည့်စမ်း'

'ဟာကွာ'

ဆိုပြီး ခေါင်းကိုလက်ဝါးနဲ့အသာပုတ်လိုက်ရာ ဇနီးက ကျွန်တော်၏ပုတ်လိုက်သောလက်နှစ်ဖက်ကို ဆောင့်ဆွဲလိုက်သဖြင့် သောက်ထားသောအရှိန်ဖြင့် မထိန်းနိုင်တော့ဘဲ အိမ်သမံတလင်းပေါ်သို့ ဝမ်းလျားထိုးမှောက်ကျသွားပြီး မျက်စိထဲမှကြယ်တွေလတွေထွက်ကာ မေ့မြောသွားပါတော့သည်။

× × × ×

'ကယ်တော်မူကြပါဗျို့။ ကယ်တော်မူကြပါ။ အမလေး ကြောက်ပါပြီဗျို့'

ကြောက်မက်ဖွယ်ရာ ဆူညံသံများကြားရသဖြင့် မျက်လုံးကိုဖြည်းညင်းစွာဖွင့်ကြည့်လိုက်ရာ ငရဲသားများကို နှိပ်စက်ညှင်းပန်းနေကြောင်း တုန်လှုပ်စွာတွေ့ရှိရပါသည်။

အမလေး၊ ဘယ်လိုဖြစ်တာပါလိမ့်။ ဒီလောက်ကောင်းမှုကုသိုလ်တွေလုပ်နေရက်နဲ့ စာရင်းအင်းကိုသေချာမကြည့်ဘဲ ငရဲပြည်ကိုဘယ်သူကများ လွှတ်လိုက်ပါလိမ့်။ အနီးအနားရှိလူများအား မသိမသာမေးကြည့်လိုက်သောအခါ ယမမင်းကြီး၏အစစ်ဆေးခံရန် စောင့်ဆိုင်းနေကြောင်းသိရှိရပါသည်။ အနီးအနားရှိကြော်ငြာကျောက်သင်ပုန်းကို ဖတ်ကြည့်လိုက်တယ်ဆိုရင်ပဲ ဤသို့တွေ့ရ၏။

ယမမင်းကြီးသည် ပြစ်မှုကျူးလွန်သူများအား တရားစီရင်ရေးအပိုင်းတွင် အပိုင်း ၅ ပိုင်းပိုင်းထားကြောင်း ဖော်ပြထားခြင်းဖြစ်ပါ၏။



| | |
|---|---|
| ၁။ တနင်္လာနေ့ | - ပါဏာတိပါတာခေါ် သူများအသက်ကို သတ်သူများအားစစ်ဆေးခြင်း။ |
| ၂။ အင်္ဂါနေ့ | - အဒိန္နာဒါနာခေါ် သူများပစ္စည်းများခိုးယူခြင်း/ အလွဲသုံးစားလုပ်သူများအား စစ်ဆေးခြင်း။ |
| ၃။ ဗုဒ္ဓဟူးနေ့ | - ကာမေသုမိစ္ဆာစာရာခေါ် သူများသားမယားများအား ပြစ်မှားကျူးလွန်သူများအား စစ်ဆေးခြင်း။ |
| ၄။ ကြာသပတေးနေ့ | - မုသာဝါဒါခေါ် မဟုတ်မမှန်လိမ်ညာသူများအား စစ်ဆေးခြင်း။ |
| ၅။ သောကြာနေ့ | - သုရာမေရယခေါ် အရက်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား စစ်ဆေးခြင်း |

ဟုဖတ်ရှုလိုက်ရင်ပဲ မိမိတွင်အပြစ်လုံးဝမရှိသော်လည်း စစ်ဆေးခံရမည့်သူများဘေးတွင် ထိတ်ထိတ်လန့်လန့်ဖြင့် ကုတ်ကုတ်လေးထိုင်နေမိပါတော့သည်။

ယမမင်းခုံရုံးတွင် အစစ်ဆေးခံရန် ယမမင်းကြီးကြွချီလာချိန်စောင့်စားရင်း 'ယုံအပ်' လက်ကိုင်ဖုန်းပြင်ဆိုင်ပိုင်ရှင် အကဲလုံနှင့်ယမမင်းကြီးကတော်တို့ စကားလက်ဆုံကျနေကြပါ၏။

'မယ်မယ်က ယမမင်းကြီးကတော်သာပြောတယ်။ လူ့ပြည်က မော်ဒယ်တွေထက်တောင် ပိုပြီးချောနေပါသေးတယ်။ ကျွန်တော့်ကို လူ့ပြည်ပြန်ရောက်အောင်လုပ်ပေးပါလား မယ်မယ်'

ငရဲအမှုထမ်းက-

'မယ်မယ် ဒီလူကလူလိမ်ပါ။ မြှောက်နေတာပါ။ သတိထားတော်မူပါ'

'မောင်မင်း ဝင်မရှုပ်ပါနဲ့။ သူက မှန်တာတွေပြောနေတာ' ဟု မယ်တော်ကြီးက ဟန့်တားလိုက်၏။

အကဲလုံက မယ်တော်ကြီးသူ့ဘက်ပါလာပြီဆိုပြီး အတင့်ရဲစွာဆက်ဆို၏။

'မယ်မယ်ကြီးရယ်၊ ဒီငရဲပြည်မှာ မနေပါနဲ့။ မယ်မယ်ကြီးလိုချောမောလှပတဲ့ရုပ်ရည်မျိုးဆိုရင် မြန်မာပြည်နယ်စပ်မှာ လစာ ၅ သိန်းနှင့်အလုပ်ရမှာ'

ငရဲသားဝန်ထမ်းက-

'မယ်တော်ကြီး သတိထားတော်မူပါ။ ဒီအကဲလုံဟာလူကုန်ကူးတဲ့ဂိုဏ်းနဲ့ အဆက်အသွယ်ရှိကြောင်း သတင်းရထားပါတယ်'

အဲဒီအချိန်မှာပဲ ယမမင်းကြီး၏ရှေ့တော်ပြေးမှ-

'ယမမင်းကြီးကြွလာပါပြီ။ အားလုံးမတ်တပ်ရပ် ဂါရဝပြု'

ယမမင်းကြီးထိုင်ခုံပေါ် ထိုင်လိုက်တာနဲ့ ငရဲသားအရာရှိက အစစ်ခံမည့်ငရဲသားများ၏ ကိုယ်ရေးမှတ်တမ်းများအား ဆက်သပါ၏။

'ကဲ အမှုစစ်မယ်'

'မောင်မင်း အကဲလုံ၊ မောင်မင်းရဲ့လက်ကိုင်ဖုန်းပြင်ဆိုင်အမည်က 'ယုံအပ်' ဆိုတော့ တောင်ကိုရီးယားနိုင်ငံက လာဖွင့်တဲ့ဆိုင်ခွဲလား'

'မဟုတ်ပါဘူး၊ 'ယုံအပ်' ဆိုတာယုံမှအပ်၊ မယုံရင်မအပ်နဲ့လို့ အတိအလင်းကြော်ငြာထားတာပါ'

'နောက်ပြီး မောင်မင်းရဲ့နာမည်က အကဲလုံဆိုတော့ ဘာလူမျိုးလဲ'

'ကျွန်တော်မျိုးက ဗမာလူမျိုးပါ။ ငယ်နာမည်ကတော့ မောင်လောဘလို့ခေါ်ပါတယ်။ လက်ကိုင်ဖုန်းဆိုင်ဖွင့်တော့မှ လက်ကိုင်ဖုန်းတွေပျက်လို့ဆိုင်ကိုလာအပ်တဲ့ဖုန်းတွေက ကောင်းတဲ့စပယ်ယာပစ္စည်းမှန်သမျှ သုံးမရတဲ့စပယ်ယာတွေနဲ့ လဲလဲပြီးထည့်လိုက်လို့ အကုန်လဲ 'အကဲလုံ' ဆိုတဲ့နာမည်က ထင်ပေါ်လာတာပါ'

'အင်း ဆက်ပြီးတင်လျှောက်စမ်း'

'ပျက်လို့လာပြင်တဲ့လက်ကိုင်ဖုန်းတွေကို နောက်နေ့ရက်ချိန်းပေးလိုက်ပါတယ်။ ညဘက်ရောက်တော့ ကောင်းတာတွေမှန်သမျှကို အဟောင်းတွေနဲ့လဲထည့်လိုက်ပါတယ်။ မနက်ရောက်တာနဲ့ ဈေးများလို့မပြင်ချင်လို့ ပြန်ယူသွားရင်လည်း အမြတ်ပါပဲ။ ပြင်မယ်ဆိုရင် ဈေးကိုအဆမတန်တောင်းပါတယ်'

ယမမင်းကြီးက သူ့ခါးမှဟန်းဖုန်းကို ကမန်းကတန်းဝှက်ရင်း-

'ရပြီတော်တော့'

'ကဲ အော့ကြောလန်မ လျှောက်စမ်း'

'ကျွန်တော်မျိုးမက တစ်သက်လုံးပုစွန်ထုပ်ရောင်းစားလာတာပါ။ တစ်ပိဿာကို ၁၀/ သားပဲခိုးပါတယ်။ ပိုမခိုးပါဘူး။ တစ်နေ့ကံဆိုးချင်တော့ ကဂျီကကျောင်အရာရှိတစ်ယောက် ပုစွန်ထုပ် ၃၀/ သားလာဝယ်ပါတယ်။ ၃၀/ သားဆိုတော့ ၃/ သားပဲခိုးပါတယ်။ အဲဒါ ၅/ သားလျော့တယ်ဆိုပြီး လာရန်တွေ့ရာကနေ ဈေးတာဝန်ခံရုံးရောက်သွားပြီး ဈေးတာဝန်ခံရုံးက ကျွန်မပုစွန်ထုပ်တွေ အကုန်သိမ်းလိုက်လို့ အရင်းပြုတ်ပြီး နဂိုကနှလုံးရောဂါရှိတာနဲ့မေ့လဲသွားလို့ ယခုလို ယမမင်းကြီးဆီ ရောက်လာခြင်းဖြစ်ပါတယ်'

'အေး နင်လည်းရပြီ'

'ကဲ အာပြမကရော လျှောက်တင်စမ်း'

'ကျွန်တော်မျိုးမက တစ်သက်လုံးငါးဖယ်ရောင်းတာပါ။ ငါးဖယ်တစ်ပိဿာ ၂၀/ သားခိုးပါတယ်။ ငါးဖယ်အရေခွံတွေဝယ်ပြီး ငါးဖယ်အရေခွံကို စဉ်းတီတုံးပေါ်မှာတင်ထား၊ ယောက်သွားနဲ့ခြစ်ပြီး ငါးမြစ်ချင်းခြစ်ပြီးသားတွေနဲ့ လဲရောင်းပါတယ်။ အဲဒါကို ငါးမြစ်ချင်းကိုဆန်မှုန့်နဲ့ရောတယ်ဆိုပြီး ပြဿနာရှာရာကနေ စကားများမေ့လဲသွားပြီး ယမမင်းကြီးဆီရောက်လာတာပါ'

'ကဲ စပ်စုမလျှောက်ပါဦး'

'ကျွန်တော်မျိုးမက ဟင်းရွက်တွေရောင်းပါတယ်။ ဟင်းရွက်တစ်စည်း ၅၀/ နဲ့ဝယ်ပြီး တစ်ဝက်ခွဲ၍တစ်စည်း ၁၀၀/ နဲ့ရောင်းပါတယ်။ ညနေရုံးဆင်းချိန်ဝန်ထမ်း

စာမျက်နှာ ၁၂ သို့ -

**စာမျက်နှာ ၁၁ မှ -**

တွေ ဈေးလာဝယ်မှာမို့ နှီးကိုကမန်းကတန်းနွှာရာကနေ ဓားရှပြီး မေးခိုင်ပိုးဝင်သွားလို့မေ့သွားရာကနေ ယမမင်းကြီးဆီရောက်လာတာပါ'

'ကဲ အကြံအဖန်ကရော ဆိုစမ်းပါဦး'

'ကျွန်တော်က ရပ်ကွက်သမဝါယမအတွင်းရေးမှူးပါ။ စီးပွားရေးအဆင်မပြေလို့ ရုတ်တရက်အကြံအဖန်လုပ်မိပါတယ်'

'မောင်မင်း စီးပွားရေးအဆင်မပြေရင် ဘဲမွေးပေါ့'

'ကျွန်တော် ဘဲအတော်များများမွေးပါတယ် ယမမင်းကြီးရယ်။ မနက်မိုးလင်းတာနဲ့ အိမ်အောက်ကနေ ဂါတ်ဂါတ်၊ ဂါတ် ဂါတ်နဲ့ ကျွန်တော့်ကိုနိမိတ်ပေးသလိုဖြစ်နေတာမို့ ညညလန့်လန့်ပြီး အိပ်မပျော်ဘူးဖြစ်နေလို့ မမွေးရဲတော့ပါဘူး'

'အင်း ဆက်လျှောက်တင်စမ်း'

'ကျွန်တော်ရုံးပိတ်ရက်တစ်နေ့ နံနက်ဝေလီဝေလင်းအချိန် အညောင်းပြေလမ်းလျှောက်ရင်း သမဝါယမဆိုင်ကိုသွားစစ်တဲ့အခါ သူခိုးက သမဝါယမဆိုင်ကိုဖောက်ထွင်းထားတာတွေ့ရတော့ ကျွန်တော်မျိုး သမဝါယမစာရေးကို ရဲနှင့်ရပ်ကွက်လူကြီးတွေ သွားခေါ်ခိုင်းပါတယ်။ ဥက္ကဋ္ဌကလည်း ခရီးသွားနေတော့ ကျွန်တော်မျိုးအကြံတစ်ခုပေါက်သွားပါတယ်။ လျှပ်စစ်မီးကလည်းမလာတော့ တစ်လမ်းလုံးမှောင်နေပါတယ်။ ရဲတွေရယ်၊ ရပ်ကွက်လူကြီးတွေရောက်လာတဲ့အခါ မှောင်မှောင်မည်းမည်းနှင့် သမဝါယမဆိုင်ထဲဝင်ရောက်စစ်ဆေးပါတယ်။ ကျွန်တော်မျိုးလည်း လူတွေအလစ်မှာ မီးခံသေတ္တာဖွင့်ထားလိုက်ပါတယ်'

ရဲတပ်ကြပ်ကြီးက-

'ကဲ အတွင်းရေးမှူးရေ ကာလတန်ဖိုးဘယ်လောက်ဖိုးလောက် ပါသွားပါသလဲ'

'အင်း မနေ့ကရောင်းရငွေငါးသိန်းနှင့် အထည်အလိပ်တန်ဖိုးနှစ်သိန်းဖိုးလောက် ပါသွားပါတယ်'

လို့ပြောလိုက်ရင်ပဲ သမဝါယမဆိုင်ထပ်ခိုးပေါ်က ကြောက်စရာကောင်းတဲ့ ဟား ဟား ဟီး ဟီး အဟွတ်ဟွတ် အသံကြီးအဆက်မပြတ်ထွက်လာသဖြင့် 'အမလေး၊ သရဲ သရဲ' ဆိုပြီး အားလုံးတစ်ပြိုင်နက်အော်ကာ ဆိုင်အပြင်သို့အလုအယက်ထွက်ပြေးကြရတာမို့ မှောက်လဲတဲ့သူကမှောက်လဲ၊ ဒူးပြဲတဲ့သူက ဒူးပြဲဖြစ်ကာ ဆိုင်အပြင်ကိုရောက်ခဲ့ပါတယ်။

ဆိုင်အပြင်ရောက်တော့မှ ရဲတပ်ကြပ်ကြီးက တစ်ခါမှမောင်းမတင်ဘူးတဲ့ရိုင်ဖယ်သေနတ်ကို မောင်းတင်လိုက်ပြီး-

'နေကြဦး၊ နေကြဦး။ ချောင်းဆိုးသံနဲ့တူတယ်။ မသင်္ကာဘူး။ အတွင်းရေးမှူးနဲ့အဖွဲ့တွေက ကျွန်တော့်နောက်ကပ်လိုက်ကြ'

ဆိုပြီး ဆိုင်ထဲကိုခြေသံမကြားရအောင် ဝင်ခဲ့ကြပါတယ်။

'ဟေ့ ထပ်ခိုးပေါ်က ဘယ်သူလဲ'

'ကျွန်တော်သူခိုးပါဗျ'

အဲဒီတော့မှ အားလုံးအံ့အားသင့်စွာဖြင့်-

'ဟေ'

ဆိုတဲ့အသံ တစ်ပြိုက်နက်ထွက်လာပါတော့တယ်။

'ကဲ ဆင်းခဲ့၊ ပစ်ထည့်လိုက်မယ်'

'မပစ်ပါနဲ့၊ ကြောက်ပါတယ်'

သူခိုးအောက်ရောက်တာနဲ့-

'မင်းဘယ်လိုလုပ် ဒီဆိုင်ထဲရောက်လာတာလဲ'

'ကျွန်တော်သူခိုးအစစ်မဟုတ်ပါဘူး။ ကြုံလို့ဝင်ခိုးတာပါ။ ကျွန်တော်ခိုးဖို့အချိန်စောသေးတာနဲ့ အရက်ဆိုင်ဝင်ပြီး အရက်သောက်နေတာပါ။ လူခြေတိတ်မှဆိုင်ထဲဝင်ခဲ့တာပါ။ အရက်ကတအားမူးနေတော့ ထပ်ခိုးပေါ်ခဏဝင်လှဲရင်းနဲ့အိပ်ပျော်သွားတာပါ။ လူကြီးမင်းတို့အသံကြားမှလန့်နိုးပြီး အတွင်းရေးမှူးပြောတဲ့စကားကြောင့် ကျွန်တော်စိတ်မထိန်းနိုင်လောက်အောင် အူတက်မတတ်ရယ်ရပါတယ်။ ကျွန်တော်ဘာတစ်ခုမှ မခိုးရသေးပါဘူး'

ဟုပြောလိုက်ရင်ပဲ အတွင်းရေးမှူးကျွန်တော် မေ့လဲကျသွားရင်း ဒီကိုရောက်လာရတယ်ထင်ပါတယ်'

'အေး မင်းအဖြစ်ကတစ်မျိုးပါလားဟ'



'ကဲ ဦးကလိမ်ကရော'

'ကျွန်တော်မျိုးက ဘိုးတော်အယောင်ဆောင်ပါ။ ငွေကြေးချမ်းသာပြီး လောဘရမ္မက်တက်တဲ့လူတွေရဲ့ အိမ်တွေကိုလိုက်စုံစမ်းပါတယ်။ နောက်ပြီး အဲဒီအိမ်တွေဆီသွားပြီး ရင်းနှီးအောင်လုပ်ပါတယ်။ ယုံကြည်လာပြီဆိုတာနဲ့ အိမ်တွေမှာညအိပ်ညဥ့်နေ နေလို့ရအောင်လုပ်တယ်။ ညအိပ်ခွင့်ရတာနဲ့ သံဂဟေဆက်တဲ့နေရာမှာသုံးတဲ့ ကာဘိုက်အမှုန့်တွေ ဘုရားပန်းမှာဖြူးထားလိုက်ပါတယ်။ နောက်လူစုံတာနဲ့ ပါးစပ်ထဲရေငုံပြီး ဉုံ ဉုံဆိုပြီး မှုတ်ချလိုက်တဲ့အခါ မီးခိုးတွေကတစ်အိမ်လုံးပျံ့နှံ့သွားပါတော့တယ်။ လူတွေကတအံ့တသြဖြစ်ပြီး ပို၍ယုံကြည်လာပါတယ်။ နောက်တစ်ခါ အုန်းပင်ကိုထွင်းပြီး ပြဒါးတွေထည့်ကာ ပြန်ပိတ်ထားလိုက်ပါတယ်။ နေ့ခင်းလူစုံတဲ့အခါ အုန်းပင်အနီးမှာဖျာခင်းပြီး တရားထိုင်ချင်ဟန်ဆောင်ပြီးတာနဲ့ ကြေးစည်တီးလိုက်တဲ့အခါ အုန်းပင်ပေါ်မှအုန်းသီးတွေ တစ်လုံးပြီးတစ်လုံးပြုတ်ကျလာတဲ့အခါ လူတွေကကြည်ညိုလွန်းလို့ လက်အုပ်ချီပြီးထိုင်ကန်တော့ကြပါတယ်။ အဲဒီတော့မှ အိမ်ရှင်တွေစားမည့် ညစာထမင်းနှင့်ဟင်းတွေထဲကို အိပ်ဆေးခပ်ခဲ့ပါတယ်။ အိမ်သားတွေအိပ်မောကျတာနဲ့ ရှိသမျှပစ္စည်းတွေဖောက်ထွင်းပြီး ထွက်ပြေးခဲ့ပါတယ်'

'ကဲ ရစ်မြဲ၊ မောင်မင်းကကော'

'ကျွန် ကျွန်တော်မျိုးမှာ ဘာအပြစ်မှမရှိပါဘူး။ အရက်နည်းနည်းသောက်တာကလွဲလို့ သူတော်ကောင်းပါ။ ကျွန်တော်မျိုးကို ယမမင်းကြီးဆီ လူမှားပို့လိုက်တာပါ'

'အိမ်း မောင်မင်းငါသိပါတယ်။ မင်းရဲ့ဇနီးတိုင်ထားတာရှိလို့ ငါကိုယ်တိုင်လှမ်းခေါ်လိုက်တာ။ မောင်မင်းကိုနည်းနည်းစစ်ဆေးစရာရှိတယ်။ မောင်မင်းရဲ့ ဇနီးကိုရိုက်တယ်ဆို'

'ကျွန်တော်မျိုး ခေါင်းကိုလက်ဝါးနဲ့အသာလေးပုတ်တာပါ။ သူ့ရဲ့အစ်မက ကျွန်တော်မျိုးတို့လင်မယားကြားမှာ အမြဲတမ်းလိုလို လင်မယားမကွဲကွဲအောင်သွေးထိုးနေတာမို့ နားယောင်ပြီးလှမ်းတိုင်တာပါ။ ကျွန်တော်မျိုး အနှစ် ၂၀၊ အနှစ် ၃၀ တစ်လမှမပျက်ဘဲ လုပ်ကျွေးခဲ့တာ တစ်ခါမှကျေးဇူးတင်ကြောင်း မပြောခဲ့ပါဘူး'

'အိမ်း လူတိုင်းလူတိုင်းဟာ ဒီလိုပြောကြတာပါပဲ။ ဖမ်းမမိရင်တော့ လူကောင်း၊ ဖမ်းမိရင်တော့ သူခိုးပါပဲ။ အေး ဘယ်သူမှ ကိုယ့်ကိုယ်ကိုယ်ဆိုးကြောင်းကြေညာတာ မတွေ့ပါဘူး။ လျှော်ဖွတ်ဆေးဆိုးတဲ့ ပင်မင်းဆိုင်တွေကသာ ဘယ်ရဲစခန်းမှမကြောက်ဘဲ အမြဲတမ်းဆိုးသည်လို့ အတိအလင်းကြေညာရဲတာပါ။ ကဲ မောင်မင်းရဲ့သတ္တိကိုတော့ ချီးမွမ်းသကွဲ့။ မိန်းမကိုရိုက်တယ်ဆိုတဲ့သတ္တိ မောင်မင်းတစ်ယောက်ထဲပဲ တွေ့ဖူးတယ်။ ဘယ်သူမှ မောင်မင်းလို မိန်းမရိုက်ရဲတဲ့သူ မတွေ့ဖူးဘူး။ ငါကိုယ်တော်မြတ်တောင် မောင်မင်းလိုမိန်းမကိုရိုက်ဖို့နေနေသာသာ သူ့ရှေ့မှာချောင်းတောင်ပြင်းပြင်းထန်ထန်မဆိုးရဲဘူး။ တံတွေးနဲ့ပက်ပါတယ်ဆိုပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးသွားတိုင်လိုက်ရင် ယမမင်းရာထူးပြုတ်သွားဦးမယ်။ အေးအေး မောင်မင်းသတ္တိကိုတော့ ချီးမွမ်းသကွယ့်။ ရော့ ဆုတော်ငွေနှစ်သောင်း။ အိမ်ပြန်ရောက်ရင် မိန်းမကိုထပ်ရိုက်ဦးမှာလား။ ထပ်ရိုက်ဦးမယ်ဆိုရင် ဆုတော်ငွေငါးသောင်း ထပ်ယူသွား'

'မရိုက်ရဲတော့ပါဘူး ယမမင်းကြီးရယ်'

'ဘာဖြစ်လို့လဲကွ'

'ကျွန်တော်မျိုးငွေစုငွေချေးအသင်းမှာ စုထားတဲ့ပိုက်ဆံတွေ အကုန်ထုတ်ထားပါတယ်။ နောက်ထပ်ထုတ်လို့မရတော့လို့ပါ'

'အင်း မောင်မင်းသတင်းကြားရတာ စိတ်မသက်သာလိုက်တာ။ မောင်မင်းဟာ လူ့ပြည်မှာနေရင် အန္တရာယ်များတယ်။ မောင်မင်းကို ငရဲပြည်မှာပဲကျွန်ုပ်ရဲ့အရက်နှင့်ပတ်သက်တဲ့ မှုခင်းစစ်တဲ့ယမမင်းလက်ထောက်ယနေ့ကစပြီးခန့်လိုက်ပြီ'

'မလုပ်ပါနဲ့ယမမင်းကြီးရယ်၊ မလုပ်ပါနဲ့။ ကျွန်တော်မျိုးအရက်မသောက်တော့ပါဘူး။ ကျွန်တော်မျိုးနောက်အရက်မသောက်တော့ပါဘူး'

လို့အော်လိုက်ရာမှ အိမ်သားတွေနိုးလာပြီး လှုပ်နှိုးတော့မှ အိပ်မက်ဆိုးများမက်နေတာသိရပြီး ဇောချွေးများပြန်လျက် သောက်ရေကိုအဆက်မပြတ် သောက်နေမိပါတော့တယ်။ မသေခင်ဘဲ ငရဲပြည်ရောက်တဲ့အရက်ကြောင့် မသောက်တော့ဟုဆုံးဖြတ်ချင်ပေမဲ့ မနက်ဖြန်သူငယ်ချင်းများကတဖန်ပြန်ဧည့်ခံဦးမှာမို့ အိပ်မက်ထဲကယမမင်းကြီးကို အားနာစွာနဲ့ပဲလိမ်ရပါဦးမယ်။

**ရစ်မြဲ**

# ဥတုအကြိုက်နေထိုင်လိုက်မှ ကျန်းမာသုခပြည့်စုံရ၏



သဘာဝပတ်ဝန်းကျင်က အလိုအလျောက်ပေးအပ်ထားသော ပူခြင်း၊ အေးခြင်း၊ ခြောက်သွေ့ခြင်း၊ စွတ်စိုခြင်းစသည့်အခြေအနေများနှင့် လူတို့ဖန်တီးထားသောပတ်ဝန်းကျင်အခြေအနေများသည် ဥတုဖြစ်သည်။

တေဇောဓာတ်ကိုပင် ဥတုဟုခေါ်သည်။ တေဇောသည် ဘုတ် ၄ ပါး (သို့) အာကာသနှင့်တကွ ဘုတ် ၅ ပါးတို့တွင် ပဓာနအကြီးအမှူးဖြစ်၏။ ကျန်သောဘုတ်တို့ကို သူသာလျှင်ကြီးစိုး၏။

## ဥတုသုံးပါး

၁။ ဟေမန္တဥတု (ဆောင်းအခါ) တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ တပေါင်းလပြည့်ထိ ၄ လ။

၂။ ဂိမ္ဟန္တဥတု (နွေအခါ) တပေါင်းလပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်ထိ ၄ လ။

၃။ ဝသန္တဥတု (မိုးအခါ) ဝါဆိုလပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်ထိ ၄လ။

## ဥတုနှင့်အရပ်ဒေသ

ပူသောအရပ်မှနေ၍ အေးသောအရပ်သို့သွားသောသူ၊ အေးသောအရပ်မှပူသောအရပ်သို့သွားသူတို့သည် ရှေးဥတုနှင့်နောက်ဥတုမတူ။ ပူအေးမမျှပြောင်းလဲသဖြင့် ဥတုပြောင်းနာများဖြစ်ရသည်။

## အရပ်ဒေသ (၃) မျိုး

၁။ ဇင်္ဂလအရပ် - ကုန်းခေါင်နေပူ၍ လွင်တီးခေါင်၊ ကျပ်တီးပြင်များပေါ်များသောအရပ် မျိုးဖြစ်၏။ နွေဥတုနှင့်သဘောတူ၏။

၂။ နောပကအရပ် - ရွှံ့နွံ့ထူထပ်၍ ငါး၊ ပုစွန်ပေါ်များသောအရပ်မျိုးဖြစ်သည်။ မိုးအခါ မိုးဥတုနှင့်သဘောတူ၏။

၃။ သာဓာရဏအရပ် - စိမ့်ကြီးမြိုင်ကြီးပိတ်ဆီး၊ ဂရုံတောချုံပိတ်ပေါင်းထူထပ်၍ အေးချမ်းသောအရပ်ဖြစ်သည်။ ဇင်္ဂလ၊ နောပက ၂ မျိုးသက်ဆိုင်သောကုန်းအရပ်၊ ဆောင်းအခါ၊ ဆောင်းဥတုနှင့် သဘောတူသည်။

### 'သူ့တိုင်းပြည်မှာနေ၊ သူ့စည်းကမ်းကိုလိုက်'

ဇင်္ဂလအရပ်သားတစ်ယောက် နောပကအရပ်သို့လာရာတွင် သူ့ကိုယ်၌ပါရှိလာခဲ့သောရုပ်မှာ ဥဏှတေဇောအပူရုပ်ဖြစ်၏။ ထိုရုပ်ဒြပ်ဖြစ်အောင် ပူ၊ ဆိမ့်၊ ဖန်၊ ခါး၊ စပ်အရသာများဖြင့် ကြိမ်ဖန်များစွာထူထောင်ခဲ့၏။ ယင်းအာဟာရများ ကိန်းအောင်းနေ၏။ နောပကအရပ်သည် အေး၊ ဆိမ့်၊ ဖန်၊ ခါး၊ ချဉ်ကိုကြိုက်၏။ သို့ဖြစ်ရာ ဇင်္ဂလအရပ်ကြိုက်အစာများကိုသာ ဆက်လက်စားသောက်နေလျှင် အအေးတိုင်းပြည်နှင့် အပူရုပ်ဒြပ်ကိုသာထူထောင်နေပြန်သဖြင့် ဒုက္ခရောက်ရ၏။ အအေးတိုင်းပြည်ကြိုက်အာဟာရများကိုတစ်စတစ်စစားသုံး၍ ဒေသနှင့်လိုက်အောင် အအေးရုပ်ကလာပ်များမှ အအေးရုပ်ဒြပ်ရသည်အထိ စားသောက်ထူထောင်ရာ၏။ ရောက်စ (ဝါ) ဥတုပြောင်းလဲစဉ် အပူခံရုပ်နှင့်လားရာ အေး၊ ဆိမ့်၊ ဖန်၊ ခါး၊ ချဉ်များစားမိ၍ ရောဂါဝေဒနာစဖြစ်သည့်တိုင်အောင် ထိုအအေးရုပ်၌ ကြာရှည်စွာနေလိုပါက ထို အေး၊ ဆိမ့်၊ ဖန်၊ ခါး၊ ချဉ်များကို ဆက်၍ပေးကျွေးစားသောက်ရမည်။

## ဥတုကြောင့် အနာရောဂါဖြစ်ပုံ

ဥတုကြောင့် အနာရောဂါဖြစ်ရသည်ဆိုသောအချက်နှင့်စပ်လျဉ်း၍ ဆေးပညာရှင်များနှင့် ကျန်းမာရေးလိုက်စားသူတို့သိအပ်သည်မှာ ဥတုမညီမျှခြင်း ဖောက်ပြန်ခြင်းကြောင့်သာ ရောဂါဖြစ်ကြရသည်။

ဥပမာ - နွေအခါပူအိုက်ရမည်ကို မပူအိုက်ဘဲ မိုးအုံ့နေခြင်း၊ မိုးအခါမိုးရွာရမည်ကို မိုးမရွာဘဲ လေတိုက်ခြင်း၊ နေပူခြင်း၊ ဆောင်းအခါ၌ မြူထန်ရမည်ကို မထန်ဘဲနေခြင်း (သို့) မိုးရွာနေခြင်း၊ မိုးအုံ့နေခြင်း၊ မချမ်းဘဲအိုက်နေခြင်း စသည်တို့ကြောင့်ဖြစ်သည်။ အဓိကအားဖြင့် အပူအအေးမညီမျှခြင်းပင်ဖြစ်သည်။

## ဥတုနှင့်အညီကျင့်သုံးရမည်

ဥတုဖောက်ပြန်ခြင်းကြောင့် လူသားတို့ရောဂါဖြစ်ရသည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ယခုအပြင်အပ (ဗဟိဒ္ဓ) ဥတုကိုမူထား၍ ပြောဆိုနေခြင်းဖြစ်သည်။ စင်စစ် လူသားတို့ကလည်း ထိုဥတုနှင့်အညီလိုက်နာကျင့်သုံးမှုခေါ် အတွင်းဥတု (အဇ္ဈတ္တိကဥတု) ကိုလည်း ဗဟိဒ္ဓဥတုအလိုက် ပြုပြင်ပေးရမည်။ သို့မှသာ ဗဟိဒ္ဓဥတုနှင့် အဇ္ဈတ္တိက (အတွင်းဥတု) ဥတု ၂ ခု ညီမျှသင့်တင့်ပေလိမ့်မည်။

အဇ္ဈတ္တိကဥတုဟူသည် ရေချိုးခြင်း၊ သွားလာခြင်း၊ နေထိုင်ခြင်း၊ အိပ်စက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်း၊ အလုပ်လုပ်ခြင်း၊ အဝတ်ဝတ်ခြင်း စသည်ကိုခေါ်၏။

အပြင်ဗဟိဒ္ဓဥတုက ပူသောဥတု၊ မိမိကအေးသောအနေအထိုင်၊ အလုပ်အကိုင်တို့ကို နေထိုင်ခြင်း၊ လုပ်ကိုင်ခြင်း၊ အေးသောဆေးအစာတို့ကို လွန်စွာစားခြင်းရှိနေ၍ အတွင်းအပြင်အသွင် နည်းမတူကြသဖြင့် အပူအအေးဆန့်ကျင်ဘက်ဖြစ်ကာ ရောဂါရမည်ဟုမှတ်ပါ။

အပြင်ဥတုကပူလျှင် သင့်ကိုယ်မှာအပူဓာတ်ရအောင်နေပါ၊ စားပါ။ ဥတုကအေးလျှင် သင့်ကိုယ်မှာအအေးဓာတ်ရအောင်နေပါ၊ စားပါ။ ဤစကားကို ရာခိုင်နှုန်းပြည့်ကိန်းသေမမှတ်ပါနှင့်။ မျှတအောင် စားသောက်ရန်နှင့် မျှတအောင်နေထိုင်ပြုမူရန်ကိုလည်း မမေ့အပ်ပေ။ ပူသောအချိန်၌ အပူကိုအစားများခြင်း၊ အေးသောအချိန်၌ အအေးကိုအစားများခြင်းဖြင့် ဥတုအကြိုက်လိုက်၍ တစ်ဖက်သတ်လွန်ကဲအောင် မပြုလုပ်သင့်ချေ။

ပူရာမှ ရုတ်တရက် မအေးစေ။ အေးရာမှ ရုတ်တရက် ချက်ချင်းမပူစေရ။ တဖြည်းဖြည်းကိန်းအောင်းလာစေရမည်။

ဥတုသန္ဓိရောဂါဖြိ သတိရှိကြစေ။ ဥတုသန္ဓိဆိုသည်မှာ ဥတုအဆက်အစပ်၊ ဥတုအကူးအပြောင်းပင်ဖြစ်၏။

၁။ အပူဥတုမှ အအေးဥတုသို့လည်းကောင်း

၂။ အအေးဥတုမှ အပူဥတုသို့လည်းကောင်း

၃။ ပူအေးမျှတသောဥတုမှ အပူဥတုသို့လည်းကောင်း၊ အအေးဥတုသို့လည်းကောင်း ပြောင်းလဲသည်ကိုခေါ်၏။

အဝတ်အစားဝတ်ရာ၌လည်း သတိပြုရမည်။ နေ၊ လေတို့နှင့် တွေ့ကြုံရာ၌လည်း သတိပြုရမည်။

**(စာဖတ်သူများ ကျန်းမာသုတရစေရန် ဒေါက်တာဦးထွန်းဝေ (ဝေဘူလ) ၏မိသားစုတိုင်းအတွက် တိုင်းရင်းဆေးပညာနှင့်ပရဆေးစိုက်ပျိုးနည်းစာအုပ်မှ ထုတ်နှုတ်ဖော်ပြပါသည်။)**

**ရွှေစက်မှု**

The Golden Industrial Journal

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ
**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ
**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်
**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ
**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ် – ၀၄၆၅၉
လိပ်စာ – အခန်း ၂၂၊ တိုက် ၄၆၊
ပညာသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ
**ပုံနှိပ်သူ**
ဦးမောင်မောင်လှ
မှတ်ပုံတင်အမှတ် – ၀၅၇၄၅
အမှတ် (၉၀) ကမ္ဘာအေးဘုရားလမ်း၊
ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်
**စောင်ရေ**
၆၆၆၀
**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း – ၀၆၇ ၄၀၅၀၅၁
E-mail
shwesethmu@gmail.com
**ဖြန့်ချိရေး**
စက်မှုဝန်ကြီးဌာန




ဒီမိုးကလည်းလေ မနက်မိုးလင်းကထဲက ရွာနေလိုက်တာ၊ ရာသီဥတုက ကိုယ့်ဘက်ပါတယ်ဆိုတာ စုမိအတွက် မဟုတ်လောက်ပါဘူးလို့ တွေးမိပါတယ်။ လူအများအဖို့ ရာသီဥတုအေးအေးနဲ့ စိုစိုစွတ်စွတ်မှာအိမ်ထဲမှာပဲ ဖိမ်နဲ့ကွေးနေကြမှာပေ့ါ။ စုမိအဖို့ကတော့ ကွေးဖို့အချိန်မရဘူး။ ကွေးလည်းမနေချင်ပေါင်၊ မနေတတ်တာလည်းပါမှာပေ့ါ။ တစ်နေ့လုပ်မှ တစ်နေ့စားလူတန်းစားထဲမှာ စုမိမပါပေမဲ့ အလုပ်မအားလို့၊ အလျှုအတန်းရှိလို့ ဆိုင်ပိတ်ရရင်တောင် မနေတတ်မထိုင်တတ်ဖြစ်နေတာ။ စုမိက ဈေးသည်ပီပီဈေး သည်သဘာဝအတိုင်းပဲ။ ဈေးရောင်းနေရမှ၊ သွားလာပြောဆိုနေရမှ ကျေနပ်တာ။ အမြဲတမ်းတက် တက်ကြွကြွနဲ့ လှုပ်ရှားနေရတာ စတိုင်လ်လို့တောင် ပြောလို့ရတယ်။ အလုပ်ကလူကိုတက်ကြွစေသလို စီးပွားရေးကလည်း အဆင်ပြေ၊ စားဝတ်နေရေးကလည်းကောင်း အပျင်းပြေဆိုတာမျိုးပေ့ါ။ စုမိက ဈေးရောင်းရရင်ပြီးရော၊ မြတ်တာမမြတ်တာ သိပ်ထည့်တွက်မနေပါဘူး။ သင့်တင့်မျှတအောင် ရောင်းရမယ်။ ပြီးတော့ ငွေတွေလက်ထဲမှာ လည်ပတ်နေတာကို သဘောကျတာပေ့ါ။ အခုဝင် အခုထွက်သွားလဲ စုမိကျေနပ်တာပဲ။ စီးပွားရေးဆိုတာ ဒီလိုအမြဲတမ်း ပိုနေမယ်၊ လိုနေမယ် ဘယ်ရှိပ့ါမလဲ။ လှုပ်လှုပ်ရှားရှား သွားသွားလာလာပေ့ါ။ လှူစရာရှိတာလှူလိုက်၊ စားစရာရှိတာ စားလိုက်၊ ကိုယ့်မှာ မရှိတဲ့ပစ္စည်းဆိုရှိတဲ့ဆိုင်ကပြေးယူလိုက်၊ ဟို အလုပ်သမားခေါ် ဒီပစ္စည်းသည် ဟိုနေရာချ၊ ဒီနေရာချနဲ့ အလုပ်တွေရှုပ်ပြီးနေရတာကို စုမိကျေနပ်နေတယ်။ ပင်ပန်းလိုက်တာလို့ ပါးစပ်က ပြောမိပေမဲ့ စိတ်ထဲမှာကျေနပ်ပျော်ရွှင်နေတာကို စုမိဘာသာသိတယ်လေ။

ဟော ပြောရင်းဆိုရင်း မိုးကလည်း အတော်သည်းလာပြီ။ ဟဲ့ ဟဲ့ လုပ်ပါဦး။ မြောင်းထဲကရေတွေက အပေါ်ကိုလျှံတက်လာတော့မယ်။ တံစက်မြိတ်ကရေတွေက တရစပ်ကျလာနေပြီ။ ဘေးမစင်အောင် ပိုက်လုံးနဲ့ဆက်ရဦးမှာပါပဲ။

အင်း ပြောသာပြောရတယ်။ ကိုယ်တစ်ယောက်ထဲဆိုင်မှာရှိတာ၊ ကိုယ်ပဲလုပ်ရမှာပေ့ါ။ ငါကိုကခက်တာပါ။ သူများလုပ်ပေးလဲ သိပ်အထာကျတယ်လို့မထင်ဘူး။ အလုပ်လုပ်ရဖို့ကံကိုက ငါ့မှာပါလာသလားပဲ။

ဒေါ်စုမိ ဒေါ်စုမိနဲ့ ဒီမှာမသိတဲ့သူတွေလည်း ဒီနားအသိုင်းအဝိုင်းမှာမရှိလှပါဘူး။ နာမည်ကသာ 'စုမိ' ပြောတာ။ ငါ့မှာတော့ ဘာမှမစုမိလှပါဘူး။ အဲ စုမိဆောင်းမိတာကတော့ သားသမီးသုံးယောက်ပဲရှိတယ်။

စုမိဂုဏ်ယူလောက်အောင်လဲ သားသမီးတွေကလည်း တော်ကြပါတယ်။ ဘွဲ့တွေအသီးသီးရပြီး သက်ဆိုင်ရာမှာပညာတတ်ဝန်ထမ်းလေးတွေတော့ ဖြစ်နေကြလို့ စုမိရင်အေးရပါပြီ။ စုမိအဖို့ကတော့ ဒုံရင်းအတိုင်း ဈေးသည်ဘဝပါပဲ။ ဒါလည်း စုမိပျော်နေရတာပဲ။ ဒင်းတို့လည်း စုမိအားမကိုးပါဘူး။ ဘာမှဆင်းဆင်းရဲရဲ အလုပ်ခိုင်းလို့မရ နူးညံ့လိုက်ကြတာ။ မိဘအပေါ် မသိတတ်လို့မဟုတ်ပါဘူး။ သူတို့လေးတွေ ကံကိုကကောင်းကြတော့ စုမိဘဝလောက် ဆင်းရဲဒုက္ခမခံရဘူးပေ့ါ။ လိုလေသေးမရှိအောင် စုမိလုပ်ပေးခဲ့တယ်။ သူများနဲ့တန်းတူ ပြည့်ပြည့်စုံစုံအပြင် ပိုလျှံအောင်တောင် သူတို့နေရသေးတယ်။ အခုတော့ စုမိစိတ်အေးရပါပြီ။ စုမိတို့က မညည်းညူဘဲ ကိုယ့်ခွန်ကိုယ့်အားကိုယ်ကိုးပြီး လောကကြီးကိုပျော်ပျော်လေးပဲ ရင်ဆိုင်ခဲ့တာ၊ အများကတော့ ချီးကျူးကြတယ်ပေ့ါ။ စုမိဟာ မိခင်ကောင်းမိခင်တော်တစ်ယောက်ပါလို့လေ။ စုမိ မိန့်မိန့်ကြီးပြုံးနေလိုက်တယ်သိလား။

စုမိရဲ့ကုသိုလ်ကံ အကျိုးပေးအရ ဘဝမှာ တအားကြီးတော့ပင်ပင်ပန်းပန်း လုပ်ခဲ့တာမရှိပါဘူး။ အခုလည်း ကိုယ်ပိုင်ဆိုင်ခန်း၊ ကိုယ်ပိုင်ကုန်ပစ္စည်းနဲ့ အေးအေးဆေးဆေးဆိုင်ထိုင်ရုံပဲ။ အဲဒီလိုနေရတာကိုပဲ စုမိတို့က ဖုန်းတစ်လုံးနဲ့ဟိုဖုန်းဆက် ဒီဖုန်းဆက်၊ ကုန်ဈေးနှုန်းစုံစမ်း ပစ္စည်းမှာ သင့်တာမှာ၊ ငွေလွှဲသင့်တာလွှဲနဲ့ မအားရပါဘူးလေ။

ဩော် အတွေးတွေနဲ့နယ်ချဲ့နေလိုက်တာ ငါ့မလဲ မိုးများတိတ်ပြီလားမသိ။ ဟင် တဖွဲဖွဲကျနေတုန်းပဲလား။ ဒီအတိုင်းဆို ငါ့ပစ္စည်းတွေ ရောင်းထွက်ဖို့မလွယ်ပါလား။ နေ့စဉ်စားကုန်မဟုတ်တော့လဲ ရောင်းရဖို့မလွယ်ဘူးပေ့ါ။ ရေစိုလို့လဲရတဲ့ပစ္စည်းမဟုတ်တော့ ဒီပစ္စည်းကိုအလောတကြီးဝယ်စရာအကြောင်းမရှိ။ မိမိဒေသကလူတွေအကြောင်းလည်း မိမိသိတာပဲလေ။ မိုးစိုစိုအေးအေးဆိုရင် လုပ်စရာအလုပ်ရှိလဲ မရှိအောင်နေကြမှာ၊ အေးအေးဆေးဆေးပဲ။ စီးပွားရေးလောဘမရှိတတ်ကြ။ ဒင်းတို့နဲ့ငါတော့ ကွာပ့ါ။ ငါ့မှာတော့ ဆိုင်မထိုင်ရရင် နေမထိထိုင်မသာနဲ့ ဟိုဟာလိုသလို ဒီဟာလိုသလို၊ အိမ်အလုပ်လည်း မှတ်မှတ်သားသားလုပ်စရာမရှိနဲ့။ ရာသီဥတုနဲ့ဒေသကိုက်ညီပြီး ဒီလူတွေသွေးအေးချက်ကတော့ ကမ်းကုန်ပ့ါ။ စုမိလည်း ဒီမှာမွေးဒီမှာကြီးတာပါပဲ။ စုမိက စီးပွားရေးအမြင်ကို ဟောတစ်ခုဟောတစ်ခု မြင်တတ်လွန်းလို့၊ တစ်ခါတလေငွေကြေးကြောင့် မလိုက်နိုင်တာပဲရှိတယ်။ စိတ်ကတော့အမြဲ တွက်ချက်နေတာပဲ။ မိုးအေးအေးစွတ်စိုတဲ့အချိန်မှာတော့ ခန္ဓာကိုယ်ကငြိမ်နေပေမဲ့ စိတ်နဲ့ဖုန်းကတော့ ငြိမ်မနေပေါင်။ မြို့ကြီးတွေကိုလှမ်းပြီးဈေးစုံစမ်းရ၊ ပစ္စည်းအမျိုးအစားစုံစမ်းရနဲ့ တစ်ချက်လေးမှ အနားမပေးတာ စုမိအကျင့်ပဲ။

ဟဲ့ ဟဲ့ မိုးတိတ်ပြီလား။ ဟင် တဖွဲဖွဲရွာနေတုန်းပဲ၊ ဒုက္ခပါပဲ။ နေ့တစ်ပိုင်းတောင်ကုန်သွားပြီ။ ဒီနေ့တော့ တစ်နေကုန်မိုးစွေမယ်ထင်ပ့ါ။ အရောင်းအဝယ်မကောင်းလိုက်တာ၊ ဈေးဦးတောင်မပေါက်သေးဘူး။ ငါ့မလဲ အတွေးတွေသာများလာတယ်။ ပိုက်ဆံသေတ္တာထဲ ပိုက်ဆံတိုးမလာပါလားနော်။

ဩော် ဟိုကလေးတွေတစ်နေရာထဲ စုပြုံထိုင်ပြီး ဘာတွေပြောနေကြတာလဲ။ ငြိမ်နေကြသလား။ ဩော် ဒင်းတို့မလဲ ငါ့အလုပ်မဖြစ်ရင် အလုပ်မရှိကြတော့ဘူး။ ငါ့ကိုမှီခိုနေရရှာတာ၊ နေ့စားအထမ်းသမားလေးတွေလေ။ မိုးရွာရွာနဲ့ဆိုတော့ ဒင်းတို့ကချမ်းကလဲချမ်းနဲ့စုပုံပြီး တွတ်ထိုးနေကြတာ။ ဘာလဲ စုမိရောင်းတဲ့ကုန်ကိုပြောတာလား။ အိမ်ဆောက်ပစ္စည်းလေ။ ထုံး၊ ဘိလပ်မြေ၊ ကျောက်မှုန့်တွေပေ့ါ။ ရေစိုခံလို့မဖြစ်ဘူးဆိုတာပေ့ါ။ ရေစိုရင်ခဲပြီးသုံးလို့ အဆင်မပြေဘူးလေ။ ဆိုင်ထဲထားတာတောင် ရေထိခံလို့မဖြစ်ဘူး။ သေသေချာချာထားရတာ။ ဒ့ါအပြင် အိမ်ဆောက်တဲ့အခါ အခန်းကာတဲ့သုံးထပ်သားဖော်မီကာ အရောင်စုံအပွင့်လည်း ရောင်းသေးတယ်လေ။ ဒီဖော်မီကာဒီဇိုင်းအစုံနဲ့ အိမ်ကိုအလှဆင်ကြတာပေ့ါ။ အိမ်သုံးပစ္စည်းအမျိုးမျိုးနဲ့ စုမိဆိုင်လည်း စုံသွားတာပေ့ါ။

အလုပ်သမားတွေအကြောင်းဆက်ရဦးမယ်။ စုမိအားကိုးရတဲ့ စုမိတပည့်လက်သားလေးတွေလေ။ သူတို့မရှိရင် စုမိလည်းအလုပ်မဖြစ်၊ ဟုတ်တယ်လေ။ ဒါတွေကိုရောင်းရလို့ ကားပေါ်တင်၊ ဆိုင်ကယ်ပေါ်တင်ရင် စုမိကလည်းအသက်ကြီးပြီဆိုတော့ မ မနိုင်၊ မသယ်နိုင်တော့ ဒင်းတို့ကလဲအလိုက်သိပ့ါ။ ဆိုင်ရှေ့ဈေးဝယ်ရောက်တာနဲ့ အပြေးအလွှားရောက်လာပြီး ဈေးနှုန်းကိုသူတို့ဘာသာပြော၊ သူတို့ဘာသာ ဈေးအလျှော့အတင်းလုပ်နဲ့ အားကိုးရတယ်။ စိတ်လည်းချရတယ်။ သူတို့တွေပဲ စုမိဈေးတန်းတစ်လျှောက် ဆိုင်တွေရဲ့ဝန်ထုပ်ဝန်ပိုးတွေကို ဟိုသယ်ဒီပို့နဲ့ပဲ စားရရှာတာ။ စုမိတို့ဆိုင်တန်းတွေရှေ့တလည်လည်နဲ့ အခြေအနေစောင့်ကြည့်နေရရှာတာလေ။ ပစ္စည်းတင်ခရတာကိုး။

ကုမ္ပဏီကပစ္စည်းလာလို့ အိတ်နှစ်ရာသုံးရာချတယ်ဆိုလည်း ဒင်းတို့ပဲ၊ စုမိဆိုင်ထဲပြည့်သွားလို့ ခပ်လှမ်းလှမ်းမျက်နှာခြင်းဆိုင်ဈေးတန်းက ဂိုဒေါင်ထဲသွားထည့်မယ်ဆိုလည်း သော့သာပေးလိုက်။ စုမိလှည့်ကြည့်စရာမလို၊ စီရီရီနဲ့သေသေချာချာလုပ်ပေးကြရှာပေတယ်။ ဒီလိုစီးပွားရေးလုပ်စားရတော့ တစ်ဦးနဲ့တစ်ဦးကြားယုံကြည်မှုလေးတွေထားရတာပေ့ါ။ အရေအတွက်ကတော့မှန်လို့၊ အိတ်အရေအတွက်အလိုက်ငွေရမှာကိုး။ သူတို့အဖို့ပိုက်ဆံအရေးကြီးတယ်။ တစ်နေ့လုပ်မှတစ်နေ့စားရတဲ့ဘဝ။ အင်း သူတို့သာပြောတာပါ။ စုမိဘဝလဲ ပိုက်ဆံကအရေးကြီးတာပါပဲ။ ပစ္စည်းကုန်လို့ နောက်အရေအတွက်ဘယ်လောက်ချပေးပါဦးလို့ ကုမ္ပဏီကိုမိန့်မိန့်ကလေးမှာရတာကိုက အရသာပါပဲ။ ပိုက်ဆံပိုတာ မြတ်တာရှုံးတာသိပ်မတွက်လိုဘူး။ ပစ္စည်းများများ ကုန်များများ

စာမျက်နှာ ၁၅ သို့ -

စာမျက်နှာ ၁၄ မှ -

မှာ၊ မြန်မြန်ရောင်း ငွေတွေမြင်ဆိုတာ စုမိရဲ့ဆောင်ပုဒ်လက်ကိုင်ပေါ့။ ပစ္စည်းတွေလာချလို့ဆိုင်ထဲဂိုဒေါင်ထဲ ပြည့်နေရင် စုမိပျော်ပို့။ ပြည့်နေတဲ့ပစ္စည်းတွေကို မြန်မြန်ပြန်ကုန်စေချင်တာလဲ စုမိဆန္ဒဖြစ်ပြန်ရော။ မြန်မြန်ကုန်ပြီး မြန်မြန်ပြန်ရမှာကို စုမိနှစ်သက်တာ။ အိုး စုမိချည်းမဟုတ်ပါဘူး။ ဈေးသည်တိုင်း ဒီလိုပဲနေမှာပါ။ အလုပ်သမားတွေလည်း ကုန်ချတဲ့နေ့ဆို ပင်ပန်းတယ်လို့ မညည်းညူဘူး။ နေ့တွက်ကိုက်တယ်လို့ပြောနေတာပဲ။ စုမိတစ်ယောက်ထဲအတွက်မဟုတ်ပါဘူး။ မျှဝေခံစားတဲ့သဘောပါလို့ ပြောချင်တာပဲ။

အင်း ဒီနေ့တော့ စုမိတစ်ယောက် ကံဆိုးပြီထင်ပ့ါ။ မိုးကလဲမစဲ ရေတွေကလဲလျှံနေမပွင့်နဲ့တော့။ စုမိတစ်ယောက်ထဲ အတွေးချာချာလည်နေရတာ အိပ်ငိုက်ဖို့တောင် အချိန်မရှိဘူး။ ဈေးဝယ်လာနိုးလာ နိုးနဲ့မျှော်ရတာ ဈေးဝယ်ကလည်းမရှိ။ ညနေ ၄ နာရီတောင် ထိုးတော့မှာပါလား။ သက်ပြင်းရှည်ကို ချပစ်လိုက်တယ်။ မနက်ကိုးနာရီလောက်ထဲက စားပြီးအစာကိုလည်း ထပ်မစားနိုင်သေး။ ညနေဆာမှပဲ ပေါင်းစားတော့မယ်။

အင်း ပြောရင်းဆိုရင်း မြင်းလှည်းတစ်စီး ဆိုင်ရှေ့တည့်တည့်လာရပ်ပါလား။ စုမိဆိုင်ထဲမှ ကမန်းကတန်းပြေးထွက်လိုက်တယ်။ အလိုက်မသိတဲ့ ထိုင်ခုံနဲ့ကဝင်တိုက်မိနေသေးတယ်။ ဩော် ဒုက္ခပါပဲ။ ဈေးဦးပေါက်တော့မှာပါဆို။ ဒီဈေးဝယ်ကတော့ ဒီနေ့ရဲ့ပထမဆုံးဖောက်သည်ပါပဲ။ စုမိအပျော်အပုန်နဲ့ မျက်နှာတစ်ခုလုံး အပြုံးတင်လိုက်တယ်။ ဘာပဲရောင်းရရောင်းရ ငါကတော့ လျှော့ကိုရောင်းလိုက်မယ်။ ဒီနေ့အဖို့ ရောင်းရတယ်ဆိုတဲ့စကားလုံးကို စုမိပြောချင်တာ။ စိတ်ထဲကမပြတ်တွေးတောရင်း ရင်ခုန်စွာနဲ့ရှေ့ဆိုင်ခန်းထဲရောက်သွားတယ်။

ခပ်နွမ်းနွမ်းအမျိုးသမီးတစ်ဦး။ ဆံပင်ရောင်ခပ်မွဲမွဲ ညစ်ပေပေအနေအထားနဲ့ လုံချည်ကိုပြင်ဝတ်ရင်းဆင်းလာတယ်။ စုမိက ဘာယူမလဲ မေးတာကိုတောင် ပြန်ဖြေကြားခြင်းမရှိဘဲ ဖော်မီကာတွေထားတဲ့ဘက်သွားပြီး ဖော်မီကာချပ်တွေကိုကြည့်နေတယ်။ စုမိအတွေးဆက်သွားပြီး 'ဩော် ဆောက်လုပ်ရေးတစ်ခုခုမှာ လုပ်နေသောသူ၊ ဒါမှမဟုတ် အချို့အိမ်ရှင်တွေလည်း ဒီလိုပဲဖြစ်သလိုနေတတ်တာက သူတို့နေထိုင်မှုပုံစံပဲ။ ဝယ်လိုက်ရင်တော့ အိမ်တစ်လုံးစာဝယ်တတ်တာပဲလေ' လို့တွေးမိတယ်။

ဒီလိုနေ့မျိုးမှာ ဘာပဲဖြစ်ဖြစ် နည်းနည်းများများ စုမိကတော့ရောင်းချင်တာပဲ။ ဖော်မီကာအရောင်အသွေးဆန်းဆန်းနဲ့ အပွင့်ဆန်းတာလေးတွေရွေးပြီးပြလိုက်တယ်။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ပြောရင်း လက်ကတစ်ချပ်ပြီးတစ်ချပ်ပြလိုက်သည်။

'မဟုတ်ဘူး အစ်မ။ ကျွန်မကကျွန်းကွက်ကိုပဲ လိုချင်တာ'

အသံတိုးတိုးနဲ့ ပြတ်ပြတ်ပြောပြီး ကျွန်းကွက်အရောင် ဖျော့ဖျော့တစ်ရောင်ကိုဆွဲထုတ်လိုက်တယ်။ ဒါဆိုယူမှာသေချာပြီပေါ့။ ဈေးတောင်မမေးဘူး။ ဆစ်လဲမဆစ်ဘူး။ စုမိတွေးတာ သေချာပြီပေါ့။ သူယူတော့မယ်။ စုမိတို့က ဒါမျိုးရောင်းချင်တာ။

'ဘယ်နှစ်ချပ်ယူမလဲ။ တစ်ချပ်ကို ၇၀၀၀/ ပါ'

လို့ပြောရင်း ထုတ်ပေးလိုက်တယ်။

'တစ်ချပ်ပဲ'

အိုး စုမိစိတ်လေသွားသည်။ ကိစ္စမရှိပါဘူး။ များများဝယ်ဖြစ်အောင် ဈေးသည်သဘာဝ ပြောဦးမှပါ။

'အိုး တစ်ချပ်ပဲလား။ များများယူပါ။ ကျွန်မ ဈေးလျှော့ပေးဦးမယ်လေ။ တစ်ချပ်ပဲ မြင်းလှည်းနဲ့သယ်ရတော့ မတန်ဘူး။ များများဝယ်ပြီး တစ်ခါတည်းသယ်တော့ ဟန်ကျတာပေါ့။ ဘာလဲ အိမ်ဆောက်တာမို့လား။ ကျွန်းကွက်ကနောက်တစ်ခါ ရောက်ဖို့မလွယ်ဘူးနော်။ ရောက်လဲ အရောင်မတူဘဲနေဦးမယ် ထပ်ယူပါဦး'

ပြောရင်းဈေးဝယ်မျက်နှာကိုလည်း စုမိကြည့်မိရာ ရှားပါးတဲ့အပြုံးကို အမျိုးသမီး၏မျက်နှာတွင် တွေ့လိုက်ရပြီး-

'ကျွန်မက အများကြီးဝယ်ချင်တာပေါ့။ အလုပ်သိပ်မဖြစ်တော့ လိုသလောက်ပဲ လာဝယ်ရတယ်။ မြင်းလှည်းမတန်လဲ မတတ်နိုင်ဘူး။ မှာသူရှိမှဝယ်ရတာပဲ အစ်မရဲ့။ အရင်တုန်းကတော့ ငွေများများပိုတော့ များများကြိုဝယ်ထားတယ်။ အခုတလော အလုပ်ကလည်းပါးနေလို့'

တိုးတိုးညင်းညင်းပြောရင်း ဖော်မီကာကိုမြင်းလှည်းပေါ် လှည်းဆရာနဲ့အတူတင်လိုက်ရာ စုမိတောင် ရောင်းသူ၊ ဝယ်သူအသံတူသွားတယ်။ ခပ်တိုးတိုးပဲ-

'အေးအေး ယူပါကွယ်။ လိုတဲ့အချိန် လိုသလောက်လာယူပေါ့။ ကျွန်းကွက်ကလေ လူကြိုက်များလို့ အမြဲရှိတတ်ပါတယ်'

ဘယ်တော့ဝယ်ဝယ် စုမိကတော့ နောက်တစ်ကြိမ်ထပ်လာဝယ်ဖို့ ဈေးသည်ပီပီပြောရမှာပဲ။ အမျိုးသမီးငယ်က လှည်းပေါ် မှနှုတ်ဆက်အပြုံးကို မပွင့်တစ်ပွင့်ပြုံးရင်း-

'အစ်မ နောက်လိုရင်လာမယ်နော်။ ကျွန်မအလုပ်က အခေါင်းစပ်တဲ့အလုပ်ဆိုတော့ ကျွန်းကွက်ကိုလူကြိုက်များကြတယ်။ မှာသူနည်းနေလို့ရယ် ငွေရေးကြေးရေး အခက်အခဲရယ်ကြောင့် တစ်ချပ်ချင်းပဲဝယ်နိုင်တာ၊ သွားပြီနော်။ နောက်လိုရင် အစ်မဆိုင်ပဲလာမယ်'

ပြောပြောဆိုဆို မိုးမှုန်မှုန်ရွာနေတဲ့အထဲ မြင်းလှည်းကလေးလှုပ်လီလှုပ်လဲ့ပြေးထွက်သွားတော့ စုမိပါးစပ်အဟောင်းသားနှင့်ခပ်နွမ်းနွမ်းလေး ငွေတစ်ထောင်တန်ခုနစ်ရွက်ကိုဆုပ်ကိုင်ရင်း မြင်းလှည်းလေးကိုငေးကြည့်မိတယ်။ စုမိစီးပွားရေးဆန်တဲ့ ဈေးသည်မဟုတ်ပါဘူး။ ဒီလိုကိစ္စမျိုးမှာ များများရောင်းရအောင်လည်း စုမိဆုတောင်းမိမှာမဟုတ်ပါဘူး။ စုမိလည်း လူသားတစ်ယောက်ပဲလေ။ အတ္တရှိပေမဲ့ ကိုယ့်လိုဘချည်း ပြည့်ရအောင် ဒါမျိုးကဆုတောင်းကောင်းတဲ့အရာမှ မဟုတ်တာကလား။

**လပြည့်ခင်**

## ပေးသွင်းရန်ပြင်ထားသည့် သွေးချင်းအမှန်အင်အား



**သဟာဇ (ပခုက္ကူ)**

✍ **အရေတွက်မှန် သိမှသာ**
**အခြေထွက်ရန် တိကျမှာမို့**
**ရှိသမျှ သွေးသားချင်းတွေကို**
**တလေးတစား စာရင်းသွင်းရအောင်**
**သည်သန်းခေါင်စာရင်းမှာ**
**ထင်ရှားစေမယ့်**
**ညီနောင် အရင်းချာတွေရဲ့**
**အင်အားအခြေ။**

✍ **ဒါတို့မြေမို့ တို့နေကြ**
**မျှတတဲ့ ခံစားခွင့်**
**သင့်တင့်တဲ့ခွဲဝေမှု**
**အမြဲအခြေပြု အတွက်မှန်ဖို့**
**လက်ကျန်တို့ မရှိအောင်**
**သတိဆောင် ဝိုင်းဝန်းသွားပါစို့**
**တိုင်းရင်းသားများစွာတို့ရေ**
**မရှောင်မကွင်းဘဲ**
**အမှောင်ခွင်းကာ အရောင်လင်းစေမယ့်**
**တို့ပြည်ထောင်ရဲ့ သန်းခေါင်စာရင်း။**

# ရွှေတိဂုံ ထမနဲပွဲ

ရွှေတိဂုံထမနဲပွဲကို နှစ်စဉ်တပို့တွဲလတွင်ပြိုင်ပွဲကျင်းပပါသည်။ မီးစမွှေးပြီးသည်မှ နာရီဝက်အတွင်း တစ်ဒယ်ပြီးအောင်ထိုး၍ ယှဉ်ပြိုင်ရပါသည်။ ဘုရားကြီးဘာသာရေးအသင်းများအပြင် အစိုးရရုံးများလည်း ပြိုင်ပွဲဝင်ပါသည်။ နံနက်အရုဏ်တက်ဘုရားကြီးကို ထမနဲဆွမ်းကပ်ပြီးမှ ပွဲသိမ်းကြပါသည်။

ကြိုတင်ပြင်ဆင်မှုအနေဖြင့် ကောက်ညှင်းဆန်များအား ပြိုင်ပွဲမစမီနှစ်နာရီခန့် ရေစိမ်ပြီး နာရီဝက်ခန့် ရေစစ်တောင်းဖြင့် ရေစစ်ထားရန်လိုအပ်ပါသည်။ မီးစွဲအားကောင်းအောင်ကြိုတင်၍ ထင်း၊ ထင်းပေါက်များကို နေလှန်းထားရပါသည်။ မီးမွှေးကောင်းရန်နှင့် လေဝင်လေထွက်ကောင်းအောင် ထင်းတုံးလေးများအား ကြိုတင်ဆိုင်ထားရပါမည်။ ပြိုင်ပွဲဝင်သူများ အင်္ကျီဆင်တူ၊ ပဝါဆင်တူ သပ်ရပ်စွာဝတ်ဆင်ထားရပါသည်။ မုတ်ဆိတ်မွှေး၊ ပါးသိုင်းမွှေး၊ ခြေသည်းလက်သည်းနှင့် ဆံပင်များ ညှပ်ထားရပါမည်။ အသင်းဆိုင်းဘုတ်ကို သေသေချာချာ တပ်ဆင်ရပါမည်။ ထမနဲနှဲရန်အတွက် ဒယ်အိုးတင်နိုင်မည့် တာယာခွေဟောင်း၊ ဖိုခုံလောက်လုပ်မည်ဆိုပါက အုတ်ခဲများ၊ မြေကြီးကိုခွက်လုပ်ပြီး ဒယ်အိုးတင်၍နှဲနိုင်ရန် တစ်ခုခုတော့ကြိုတင်ဆောင်ရွက်ထား ရပါမည်။ ဆန်၊ ဆီ၊ မြေပဲစသည့်အမယ်များကိုလည်း နာမည်ကတ်ပြားကပ်၍ စားပွဲပေါ်တွင် စနစ်တကျထားရှိရပါမည်။ လက်သုတ်ပဝါတစ်ထည်ကို သီးခြားအလှပြထားရန်လိုအပ်ပြီး တကယ်သုတ်သည့်လက်သုတ်ပဝါနှင့် ရောထွေးသုံးစွဲခြင်း မရှိစေရပါ။ အမှိုက်ကျလျှင် အမှိုက်ထည့်ရန် အမှိုက်ပုံးထားရှိရပါမည်။ အထူးသန့်ရှင်းရမည်ဖြစ်ပြီး ယောက်မတက်နှင့် ဒယ်အိုးနှုတ်ခမ်းတွင် တွယ်ကပ်နေသောထမနဲများကို ခြစ်ခါ၊ အုန်းတံမြက်စည်းများဖြင့်လှည်းချပြီး သန့်ရှင်းရေးဆောင်ရွက်ပေးရပါမည်။ ထမနဲထိုးသူငါးဦးဆိုလျှင် တစ်ဦးအားအထူး သန့်ရှင်းရေးတာဝန်ပေးထားရပါမည်။ ရေဆိုလျှင်လည်း များများခပ်ထားရန်လိုအပ်ပါသည်။



ရွှေတိဂုံထမနဲပြိုင်ပွဲ ထမနဲထိုးရာတွင် မြေကြီးကိုတွင်းတူးလျက် ဖိုခုံလောက်ပြု လုပ်၍ဆောင်ရွက်ပါသည်။ ထမနဲနှဲရာတွင် တာယာခွေပေါ် ဒယ်အိုးတင်၍နှဲပါသည်။ ကောက်ညှင်းဆန်လေးပြည်၊ ဆီတစ်ပိဿာ၊ မြေပဲနို့ဆီဘူးခြောက်လုံး၊ နှမ်း နို့ဆီဘူးနှစ်လုံး၊ သုံးလုံး၊ ဆားအကြမ်းပန်းကန်တစ်လုံး၊ ချင်း၊ ကြက်သွန်၊ သကြား စသည့်အမယ်များ သတ်မှတ်ထားသည့်အတိုင်းသုံးပါသည်။ အချိုမှုန့်လုံးဝမသုံးပါ။ အနံ့မွှေးရန် အုန်းသီးကြော်ပါသည်။ ရေနွေးမောင်းထောင်ချိုင့်နှင့် သုံးလုံးပတ်ဝန်းကျင်ဆန်သစ်၊ ဆန်ဟောင်းအပေါ်မူတည်၍ ထည့်ပါသည်။

ထမနဲထိုးပြိုင်ပွဲဝင်ချိန်တွင် စည်းကမ်းရှိဖို့နှင့် ပတ်ဝန်းကျင်အားပေးသူများစည်း ဝိုင်းထဲမဝင်ဖို့ အထူးကြပ်မတ်ထားရပါမည်။ အရေးအကြီးဆုံးမှာ ထမနဲများ ဒယ်အိုးမှ ဖိတ်မကျရန်ပင်ဖြစ်ပါသည်။ အားပေးသူများ အော်ချင်တာအော်ပါစေ၊ အလုပ်ထဲမှာပဲ အာရုံထားဖို့လိုအပ်ပါသည်။ အထူးသဖြင့် မီးဖိုကိုသတိထားရပါမည်။ မီးများလည်းမကောင်း၊ မီးနည်းလည်းမကောင်းပါ။ မီးအချိန်အဆမှန်ရမည်ဖြစ်ပါသည်။ စည်းမျဉ်းများအတိုင်း ထမနဲထိုးပြီးပါက ထမနဲထိုးသူငါးဦးစလုံး ညီညီညာညာယောက်မတက်ကိုမြှောက်၍ သတင်းပို့ကြရကြောင်း ရေးသားတင်ပြအပ်ပါသည်။

**နိုင်လင်း (စက်မှု)**

## သတိမေ့တတ်တယ်

ကိုတင်မောင်ကတော့ အရက်မူးလာပြီဆိုရင် သူ့မိန်းမကို ရမ်းလိုက်ရမှကျေနပ်တဲ့လူစားမျိုး။ အခုလည်း အရက်မူးလာပြီး ထုံးစံအတိုင်းပေါ့။

‘မိန်းမတွေ အသုံးမကျဘူး’

ဆိုပြီး ထမင်းပန်းကန်တွေရိုက်ခွဲနေလေရဲ့။ ဒါကိုမခံနိုင်တဲ့ သူ့မိန်းမက-



‘ကိုတင်မောင် မူးလာရင်အေးအေးဆေးဆေးအိပ်၊ ရှိသမျှပန်းကန်တွေလည်း ရှင်ရိုက်ခွဲပစ်လို့ကုန်တော့မယ်။ ဒီပန်းကန်တစ်ချပ်ရဲ့တန်ဖိုးကို ရှင်သိလား’

လို့ငေါက်ဆတ်ဆတ်ပြောလိုက်တော့ ကိုတင်မောင်ပြန်ငေါက်လိုက်ပုံက-

‘အဲဒါကြောင့် မင်းကိုအသုံးမကျဘူးလို့ပြောတာကွ။ ပြောရင်လည်းမကြိုက်ချင်ဘူး။ ဒီပန်းကန်တွေဝယ်တုန်းက မင်းကိုယ်တိုင်ဝယ်ခဲ့တာပဲ။ ဒီတန်ဖိုးလေးတောင် မမှတ်မိတော့ဘူးလား. . . ငါ. . . တယ်’။

## ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော်လည်း

စက်ရုံတစ်ရုံမှ မော်တော်ယာဉ်အရာရှိသည် အလုပ်ကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိဝန်ထမ်းများကို ဆုံးမနေခြင်းဖြစ်၍ Driver မောင်နီသည် မိမိဖြစ်ပျက်ခဲ့သော ပြဿနာကိုဖွင့်ပြောရန် အခက်တွေ့နေပြီး အခန်းအတွင်းသို့ အသာဝင်ရပ်၍ အကြံထုတ်နေသည်။ ထိုစဉ်အရာရှိက-

အရာရှိ ။ ‘အလုပ်လုပ်တဲ့နေရာမှာ ငါကိုယ်တိုင်လည်း မှန်မှန်ကန်ကန် တိတိကျကျလုပ်တယ်။ ဟိုစကားပုံအတိုင်းပေါ့။ **ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက**’



မောင်နီ စကားဖြတ်၍ပြောလိုက်ပါသည်။

မောင်နီ ။ ‘နောက်နွားတစ်သိုက် တမာပင်ဝင်တိုက်ပါ ဆရာ’

အရာရှိ ။ ‘ဟာ ဘာဖြစ်လို့လဲကွ’

မောင်နီ ။ ‘ဟုတ်ပါတယ် ဆရာ။ ကျွန်တော်ကား အခုပဲ လမ်းဘေးကတမာပင်ကို ဝင်တိုက်မိပါတယ်ဆရာ’

• • • • • • • • • • • • • • • • • • • • • • •

## မှားပါတယ်



ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ဘုန်းကြီးကျောင်းသားနှစ်ယောက် ငြင်းခုန်နေကြခြင်းဖြစ်သည်။

မောင်ဖြူ ။ ‘မင်းမသိရင်မှတ်ထား။ တို့ဘုရားလက်ထက်မှာ သာသနာငါးထောင်ရှိတယ်ကွ’

မောင်ညို ။ ‘မဟုတ်တာကွာ၊ မင်းကလဲ။ ခြောက်ထောင်ရှိတာပါ’

ဤသို့ငြင်းခုန်ကြရင်း ဆရာတော်ကိုသွားပြီးမေးလျှောက်ကြလေရာ ဆရာတော်က မောင်ဖြူအားခေါ်၍ ကြိမ်လုံးဖြင့် ရိုက်လိုက်သည်။ ထိုအခါ -

မောင်ဖြူ ။ ‘တပည့်တော်ပြောတာ မှားလို့လားဘုရား’

ဆရာတော် ။ ‘မသိတဲ့သူနဲ့ယှဉ်ပြီး ငြင်းခုန်လို့’

**ဖန်ခါးမြေရွှေဆင်မင်း**

# ဂျပန်ပြည်မှာ ၈ ညတာ

ကျွန်တော်တို့ ငယ်ငယ်က ကြည့်ခဲ့ဖူးတဲ့ နာမည် ကြီး ရုပ်ရှင်ကား Seven Nights in Japan ဇာတ်ကားနာမည် ကိုမှီငြမ်း၍ ယခုကျွန်တော်တို့ ၈-၁-၂၀၁၄ မှ ၁၅-၁-၂၀၁၄ ရက် ညအထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင်နေခဲ့ရ သဖြင့် ဂျပန်ပြည်မှာ ၈ ညတာ (Eight Nights in Japan) ဟု အမည်တပ်လိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (METI) ကြီးကြပ်မှုအောက်ရှိ ပင်လယ်ရပ်ခြား လူ့စွမ်းအားအရင်းအမြစ်နှင့် စက်မှုဖွံ့ဖြိုးရေးအသင်း (HIDA) မှ ကြီးမှူး၍ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိကျင်းပခဲ့သည့် မြန်မာနိုင်ငံရှိနိုင်ငံပိုင်လုပ်ငန်းများတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပထမအသုတ်အဖြစ် စက်မှုဝန်ကြီးဌာနမှ အရာရှိ ၁၇ ဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၁ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အဖွဲ့ဝင် ၇ ဦး၊ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြပါသည်။

ကျွန်တော်တို့အဖွဲ့သည် ၇-၁-၂၀၁၄ ည ၁၀း၁၀ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ NH 914 လေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ၊ Narita လေဆိပ်သို့ ၈-၁-၂၀၁၄ ရက်နေ့ မြန်မာစံတော်ချိန် နံနက် ၃း၄၅ နာရီ ဂျပန်စံတော်ချိန် နံနက် ၆း၁၅ နာရီတွင် ရောက်ရှိခဲ့ပါသည်။ ဒီမှာပဲ ကျွန်တော်တို့ပိုင်ဆိုင်တဲ့အချိန် ၂ နာရီ ၃၀ မိနစ်ဆုံးရှုံးသွားကြောင်း သိရှိလိုက်ပါသည်။ လေဆိပ်တွင် သင်တန်းကျောင်းမှလာကြိုသော ဘတ်စ်ကားဖြင့် လာခဲ့ရာ ၁ နာရီ ၄၀ မိနစ်မောင်းနှင်ပြီး HIDA ကျောင်းသို့ ရောက်ရှိခဲ့ပါသည်။ ကျောင်းတွင် နေ့လယ်စာကို ၈၀၀¥ ပေးသွင်းကာ စားသောက်ရသည်။ နေ့လယ် ၁ နာရီ တွင် အနီးအနားရှိ Family Mart နှင့် Seven-Eleven ဆိုင်များသို့သွားရောက်၍ လိုအပ်သည်များဝယ်ခြမ်းကြပြီး လမ်းလျှောက်ကြရာမှာ လူနေအိမ်များတွင် တံခါးများပိတ်၊ အသံများတိတ်ဆိတ်နေကာ လမ်းများမှာလည်း သန့်ရှင်းသပ်ရပ်နေကြောင်းတွေ့ရသည်။ ကားများက လက်ဝဲကပ်မောင်း၊ လမ်းကျဉ်းမှာ လမ်းလျှောက်ရာတွင် လက်ဝဲကပ်လျှောက်၊ စက်လှေခါးစီးရာတွင် လက်ဝဲကပ်စီး၊ စည်းကမ်းတကျသွားလာနေကြပြီး ညစာကို ထမင်းစားကတ်ဖြင့် အဆင်ပြေသွားသည်။ HIDA သင်တန်းကျောင်းမှ တစ်နေ့စာကို နံနက် စာ ၆၀၀ ¥၊ နေ့လယ်စာ ၈၀၀ ¥၊ ညစာကို ၁၁၀၀ ¥ နှင့် စုစုပေါင်း ၂၅၀၀ ¥ နှုန်းဖြင့် ကျွေးမွေးရင်း ဂျပန်မှာ ပထမတစ်ညတာ ကုန်ဆုံးခဲ့ရပါသည်။

၉-၁-၂၀၁၄ ရက်နေ့ နံနက် ၀၉း၀၀ နာရီမှာ HIDA သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး Mr. Sadao TAKEDA က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ The UNIVERSITY OF TOKYO မှ Mr. Hisashi YOSHIRAWA, Ministry of Economy, Trade and Industry မှ Mr. Mitsutoshi ORIYAMA, ဂျပန်နိုင်ငံရှိ မြန်မာသံရုံးမှ Economic Counsellor ဦးဇော်မင်းဦးတို့က စကားပြန် မဟေမာဝင်း၏အကူအညီဖြင့် အမှာစကားများပြောကြားပြီး၊ သင်တန်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။



ထို့နောက် နံနက်ပိုင်းတွင် TOKYO University မှ Mr. Hisashi YOSHIKAWAက "Energy Challenges and Outlook from Global Perspective" ခေါင်းစဉ်အား ပို့ချပြီး၊ ၁၂ နာရီခွဲမှ ၁ နာရီခွဲအထိ နေ့လယ်စာစားခြင်း၊ နေ့လယ်စာစားသောက်ပြီးချိန်တွင် Social Systems Architect မှ Yoshinori Yokoyama က "Excellent Organization Management" ခေါင်းစဉ်နှင့်ပို့ချခြင်း၊ သင်တန်းသားများနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ပို့ချသူများက ဂျပန်ဘာသာဖြင့် ပို့ချကာ စကားပြန် မဟေမာဝင်းမှ မြန်မာဘာသာပြန်ဆိုပေးခြင်းဖြစ်သည်။ သင်တန်းအား ညနေ ၅ နာရီတွင် ရပ်နားပြီး ညစာကို ညနေ ၆း၃၀ နာရီတွင် စားသောက်ကြရင်း အနီးအနားရှိ OIOI Supermarket သို့သွားရောက်ကြပြီး ဒုတိယညကိုကုန်ဆုံးခဲ့ပါသည်။

၁၀-၁-၂၀၁၄ ရက်နေ့ နံနက်ပိုင်းတွင် University of Tokyo မှ Mr. Chiaki SATO က "Local Public Administration and Organization Management in Public-Operated Enterprises-Perspectives from the Legal Frameworks" နှင့် နေ့လယ်ပိုင်းတွင် Ministry of Economy, Trade and Industry (METI) မှ Mr. Yuji HOSOYA က "Local Industry Policy in Japan"၊ ခေါင်းစဉ်များကို ပို့ချကာ အပြန်အလှန် ဆွေးနွေးခဲ့ပြီး၊ တတိယည ကုန်ဆုံးခဲ့ပါသည်။

၁၁-၁-၂၀၁၄ နေ့သည် စနေနေ့ဖြစ်ကာ သင်တန်းပိတ်၍ တစ်ဖွဲ့လုံး ၂၅ ဦးဆန့် ဘတ်စ်ကားတစ်စီး စင်းလုံးငှား၍ ဘုရားဖူးနှင့်လေ့လာရေးခရီး ထွက်ခဲ့ပါသည်။ ဂျပန်ရောက် ဒေါ်မြင့်မြင့်အေးမှ ခရီးစဉ်တစ်လျှောက်လုံး လိုက်ပါကူညီပေးခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် နံနက် ၉ နာရီအထိ အဌားယာဉ်မထွက်ရ၍ ၈း၄၀ နာရီတွင် HIDA Tokyo Kenshu Center (TKC) သင်တန်းကျောင်းမှစတင်ထွက်ခွာခဲ့ရာ ကာမာကုရဘုရားသို့ ၁၀း၃၀ နာရီမှာရောက်ရှိပြီး ၁ နာရီကျော် လည်ပတ်ဓာတ်ပုံရိုက်ကာ နေ့လယ်စာကို ဘုရားအနီးကဆိုင်မှာ စားသောက်ကြပြီး ပင်လယ်ထဲမှထိုးထွက်လာခဲ့သည်ဟု သမိုင်းဝင် Enohsima Island မှာ ၁ နာရီကြာ ပတ်ဝန်းကျင်ရှုခင်းများ လေ့လာကြည့်ခဲ့ကြသည်။ နေ့လယ် ၁း၄၀ နာရီတွင် ပြန်လည်ထွက်ခွာလာပြီး၊ ဂျပန်နန်းတော်သို့လာခဲ့ရာ ၃း၃၀ နာရီတွင်ရောက်ရှိပြီး၊ နန်းတော်အတွင်းဝင်ခဲ့သော်လည်း တံခါးပိတ်နေ၍ အပြင်မှသာကြည့်ရှုဓာတ်ပုံရိုက်ကြရပါသည်။ ညနေ ၄း၃၀ နာရီတွင် Tokyo Tower သို့ ထွက်ခွာလာရာ ၅ နာရီတွင်ရောက်ရှိ၍ တာဝါပေါ်မှ တိုကျိုမြို့တော်၏ညမီးရောင်စုံရှုခင်းအလှကို ကြည့်ရှုပြီး၊ ညစာ စားသောက်ခဲ့ကြသည်။ တိုကျိုတာဝါမှ အပြန် နှစ်တစ်ထောင်ရှိနေသော ကာလီမယ်တော်ကျောင်းကိုဝင်ရောက်ကြည့်ရှုပြီး TKC သင်တန်းကျောင်းသို့ ည ၉ နာရီ တွင်ပြန်ရောက်၍ စတုတ္ထညကိုကျော်ဖြတ်ခဲ့ကြသည်။

၁၂-၁-၂၀၁၄၊ တနင်္ဂနွေနေ့တွင် သင်တန်းပိတ်ပြီး စားသောက်ခန်းလည်းပိတ်၍ နံနက် ၇း၄၀ နာရီမှာ အဆောင်မှထွက်ကာ တိုကျိုမြို့၏လက်ယက်ထိုးများ ပြားလှတဲ့ မီးရထားစီးအတွေ့အကြုံယူရင်း မြို့ထဲရှိ သက်သာသောဈေးများသို့သွားပြီး လိုအပ်သောပစ္စည်းများ တစ်နေကုန်လျှောက်ကြည့်ကြသည်။ ညနေ ၄း၃၀ နာရီတွင် သင်တန်းဆောင်သို့ ပြန်လည်ရောက်ရှိရင်း ပဉ္စမညကိုကျော်ဖြတ်ခဲ့ကြသည်။

၁၃-၁-၂၀၁၄၊ တနင်္လာနေ့သည် ဂျပန်နိုင်ငံ၏ရုံးပိတ်ရက်ဖြစ်နေသော်လည်း သင်တန်းမပိတ်ဘဲ Time table အတိုင်း နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ Local Government Training Institute မှ Mr. Masatoshi MINOWA က "Experience from the Reorganization of Japan's Central Government Ministries" ခေါင်းစဉ်၊ နေ့လယ်ပိုင်းတွင် "Japanese Local Governments (Municipalities) and Their Experience with Reforms" ခေါင်းစဉ်နှင့်ပို့ချဆွေးနွေးကြပြီး ဆဋ္ဌမညကိုကုန်ဆုံးခဲ့ပါသည်။

၁၄-၁-၂၀၁၄ ရက်နေ့တွင် NTT DATA Institute of Management Consulting မှ Mr. Tekeshi KAMISE က "Privatization of Public Sectors and its Management" ကို နံနက်ပိုင်းတွင် ပို့ချပြီး၊ နေ့လယ်ပိုင်းတွင် Nippon Steel & Sumitomo Metal Corporation မှ Mr. Soichiro SAKUMA က "Core Industry and Management Nippon Steel & Sumitomo Metal Case" ခေါင်းစဉ်ဖြင့် ပို့ချ၍ အပြန်အလှန်ဆွေးနွေးကာ ဂျပန်နိုင်ငံ၏သတ္တမညကို ကျော်ဖြတ်ခဲ့ပါသည်။

၁၅-၁-၂၀၁၄ ရက်နေ့တွင် မြန်မာသင်တန်းသားများအား အုပ်စု ၅ စုခွဲပြီး၊ ချပေးသော ခေါင်း စဉ်အတိုင်း

**စာမျက်နှာ ၁၈ သို့ -**

## ဘာသာစုံဂုဏ်ထူးရှင်အတွက် ပညာသင်စရိတ်ထောက်ပံ့

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၂) အကြီးစား စက်ရုံ (ကြံခင်း)၊ ကုန်ကြမ်းကြိတ်စက်ဌာနမှ ထုတ်လုပ်ရေးကျွမ်းကျင် (၄) ဦးတင်ထွန်း ၏သမီး၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲခြောက်ဘာသာဂုဏ်ထူးရှင် မကျော့ကေ သွယ်၏ပညာရေးအခက်အခဲအတွက် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရွှေစက်မှုဂျာနယ် အတွဲ (၆) အမှတ် (၂၂) ၌ ပညာဒါနဖိတ်ခေါ်ခြင်းသတင်းကြော်ငြာဖော်ပြပေးခဲ့ပါ သည်။



ယင်းသတင်းကြော်ငြာအရ အမှတ် (၂) သံမဏိစက်ရုံတည်ဆောက်ရေးလုပ်ငန်း တာဝန်ခံ ဒုတိယဗိုလ်မှူးကြီးတင့်အောင် (ငြိမ်း) (ဝဲ) က မကျော့ကေသွယ် ဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် ပညာသင်စရိတ်ထောက်ပံ့ကြေး ငွေကျပ် ၁၈ သိန်းကို အမှတ် (၂) သံမဏိစက်ရုံအထွေထွေမန်နေဂျာ ဦးတင့်ဆွေမှတစ်ဆင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် လက်ရောက်ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ ကြောင်းသိရသဖြင့် ကာယကံရှင်နည်းတူ ဝမ်းသာဂုဏ်ယူပီတိဖြစ်ရပါကြောင်း ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

**ရွှေစက်မှု**

**စာမျက်နှာ ၁၇ မှ -**

Power Point များဖြင့် ရှင်းလင်းပြသရာ ဆရာများက မေးမြန်းချက်များ၊ အကြံပြု ချက်များဖြင့် ရင်းနှီးနွေးထွေးစွာ ဆွေးနွေး ခဲ့ကြပါတယ်။ ညနေ ၄း၃၀ နာရီ



သင်တန်းဆင်းပွဲကျင်းပကာ တစ်ဦးချင်း အား အောင်လက်မှတ်များချီးမြှင့်ပြီး အချိုရည်နှင့် မုန့်များသုံးဆောင်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ညပိုင်းတွင် အနီးအနားရှိဆိုင်များသို့ သွားကာ အဌမနောက်ဆုံးညအဖြစ် ကုန်ဆုံးခဲ့ကြသည်။

၁၆-၁-၂၀၁၄ ရက်နေ့ နံနက်စာ စား သောက်ပြီး ၈း၂၀ နာရီတွင် Narita လေ ဆိပ်သို့ ကျောင်းမှစီစဉ်ပေးသော ဘတ်စ် ကားနှင့်ပို့ဆောင်ကာ NH 913 လေယာဉ် ဖြင့် နေ့လယ် ၁၂ နာရီတွင် ထွက်ခွာခဲ့ရာ (Fuji) ဖူဂျီတောင်ပေါ်မှ လေယာဉ်ပျံသန်း ခဲ့၍ အမှတ်တရဓာတ်ပုံ မှတ်တမ်းတင်နိုင် ခဲ့သည်။

ရန်ကုန်လေဆိပ်သို့ ဂျပန်စံတော်ချိန် ညနေ ၇း၁၀ နာရီ၊ မြန်မာစံတော်ချိန် ညနေ ၄း၄၀ နာရီအချိန်တွင် ပြန်လည် ရောက်ရှိခဲ့ပြီး၊ အသွားက ကျွန်တော်တို့ ဆုံးရှုံးခဲ့ရသော အချိန် ၂း၃၀ နာရီကို မိမိတို့ပြန်လည်ရရှိခဲ့ကြောင်းနှင့် ဂျပန်ပြည် အတွေ့အကြုံများပြောကြားရင်း ဂျပန် ပြည်မှာ ၈ ညတာကို အဆုံး သတ်ရပ်နား လိုက်ပါသည်။

**တင်ဦး (ဟုမ္မလင်း)**

## ဂျပန်နိုင်ငံတွင် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန (METI) ကြီးကြပ်မှု အောက်ရှိ ပင်လယ်ရပ်ခြားလူ့စွမ်းအားအရင်းအမြစ်နှင့်စက်မှုဖွံ့ဖြိုးရေးအသင်း (HIDA) ကကြီးမှူး၍ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် မြန်မာနိုင်ငံရှိ နိုင်ငံပိုင်လုပ်ငန်းများတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေး နွေးပွဲသို့ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ညွှန်မှူး ဒေါ်စိုးစိုးအေး၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ ညွှန်မှူး ဦးဇော်ဝင်း၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၂) အကြီးစားစက်ရုံ (ဘီးလင်း) မှ ဒု/ထွေဂျာ ဦးဝင်းရီ၊ အမှတ် (၃) အကြီး စားစက်မှုလုပ်ငန်း၊ အမှတ် (၃၃) အကြီးစားစက်ရုံ (ကျောက်ဆည်) မှ ဒု/ထွေဂျာ ဦးလှမြိုင်၊ အမှတ် (၃၅) အကြီးစားစက်ရုံ (ချောက်) မှ ဒု/ထွေဂျာ ဦးအောင်ဇော်မိုး၊ အထည်အလိပ်လုပ်ငန်းမှ ဒုညွှန်မှူး ဒေါ်စံစံ၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ ဒုညွှန်မှူး ဒေါ်ရီရီခိုင်၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုညွှန်မှူး ဒေါ်စိုးစိမ့်အိ၊ စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာနမှ ဒုညွှန်မှူး ဦးမျိုးထွဋ်ဆွေ၊ စက်မှု စီမံကိန်းဦးစီးဌာနမှ လ/ထညွှန်မှူး ဒေါ်စန်းစန်းဦး၊ အမှတ် (၁) အကြီးစားစက်မှု လုပ်ငန်း၊ အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) မှ လ/ထထွေဂျာ ဦးစိုင်းကျော် ကျော်ဦး၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ လ/ထညွှန်မှူး ဒေါ်သီတာဦး၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) မှ လ/ထထွေဂျာ ဦးဝေယံမျိုးလွင်၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ လ/ထညွှန်မှူး ဦးကျော်ဖြိုးမော်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လ/ထညွှန်မှူးများ ဖြစ်ကြသော ဒေါ်ခင်မာဝင်း၊ ဒေါ်ပန်းအိဖြူနှင့် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ဌာနခွဲမှူး ဒေါ်လဲ့လဲ့စိုးတို့တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အိန္ဒိယနိုင်ငံသို့ ကိုယ်စားလှယ် (၂) ဦးသွားရောက်

ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) နှင့်အိန္ဒိယနိုင်ငံစွမ်းအင်နှင့် အရင်း အမြစ်များတက္ကသိုလ်တို့ ပူးပေါင်း၍ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၁၄ ရက်နေ့ အထိ စဉ်ဆက်မပြတ်စွမ်းအင်ဦးဆောင်မှုဆိုင်ရာ အစီအစဉ်သို့ စက်မှုစီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင် လင်းနှင့် သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေး ကေခိုင်စိုးတို့ သွားရောက်ကြကြောင်းသတင်းရရှိသည်။



အမှတ် (၁၂) အကြီးစားစက်ရုံ (ထုံးဘို)ရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များ လွတ်လပ်ရေးနေ့ပျော်ပွဲရွှင်ပွဲဆင်နွှဲကြစဉ်

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်

# မွန်ပြည်နယ်အတွင်းရှိ စက္ကူစက်ရုံ (စစ်တောင်း) နှင့် အမှတ် (၂၂) အကြီးစားစက်ရုံ (ဘီးလင်း) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက် ၉ နာရီခွဲတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ စက္ကူစက်ရုံ (စစ်တောင်း) သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့စက်မှုဝန်ကြီးဌာနအနေဖြင့် စက်ရုံ ၁၄၄ ရုံခန့်ရှိရာ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ စီးပွားရေးတွက်ခြေမကိုက်သည့် State Own Enterprise (S.O.E) လုပ်ငန်းများကို ပြည်သူများအတွက် ဝန်ထုတ်ဝန်ပိုးမဖြစ်စေရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (PPP)၊ ပုဂ္ဂလိကနှင့်ဖက်စပ်ဆောင်ရွက်ခြင်း (JV)၊ ပုဂ္ဂလိကသို့နှစ်တိုနှစ်ရှည်ငှားရမ်းခြင်း (Lease) စသည်တို့ဖြင့် စက်ရုံတစ်ဝက်ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ စက္ကူစက်ရုံ (စစ်တောင်း) ကို ရွှေသံလွင်ကုမ္ပဏီသို့ငှားရမ်းခဲ့ရာ ကုမ္ပဏီအနေဖြင့် ဝန်ထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ အမြန်ဆုံးဖန်တီးဆောင်ရွက်ပေးရမှာဖြစ်သကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း ပြောင်းလဲဖြစ်ပေါ်လာသည့် အခြေအနေများကို နားလည်သဘောပေါက်ပြီး ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ဖို့ လိုအပ်ကြောင်း၊ မိမိအရပ်ဒေသတစ်ခုထဲကို ဖက်တွယ်မနေသင့်ဘဲ မိမိတွင်ရှိသည့် အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများကိုအသုံးချပြီး မိမိဘဝတိုးတက်ရာတိုးတက်ကြောင်းများဆောင်ရွက်ကြဖို့ လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဓိကအလုပ်လုပ်ချင်စိတ်ရှိဖို့၊ ကြိုးစားမှုရှိဖို့၊ စိတ်ရင်းစေတနာကောင်းရှိဖို့ပင်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်နှင့် ဝန်ထမ်းများအကြား Industrial Relation ကောင်းမွန်မှသာ လုပ်ငန်းများအဆင်ပြေအောင်မြင်နိုင်မှာဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်နှင့်ဝန်ကြီးဌာနအပေါ် မိမိမှာရှိသည့် ability ဖြင့် အတတ်နိုင်ဆုံး အလုပ်အကျွေးပြုသွားမှာဖြစ်ကြောင်း၊ တွေ့ကြုံလာသည့် အခက်အခဲများကို စိတ်ရင်းစေတနာကောင်းများဖြင့် အကောင်းဆုံးဖြစ်အောင် ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက လွှတ်တော်နှင့်လွှတ်တော်ကိုယ်စားလှယ်များ၏အဓိကတာဝန်သည် ဥပဒေပြုရေးပင်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများကိုကိုယ်စားပြုပြီး ပြည်သူ့အသံကိုအလေးထားကာ စက်ရုံမှဝန်ထမ်းများနှင့် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စည်းကမ်းတကျ ဥပဒေနှင့်အညီဆောင်ရွက်ကြပြီး ဝန်ထမ်းအရေးကိစ္စများကို တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်က ငှားရမ်းထားသည့်ကုမ္ပဏီအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ မြန်မြန်ဆန်ဆန်ဖန်တီးပေးနိုင်ဖို့ Working Groupများ ဆွေးနွေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကံအားလျော်စွာပေါ်ပေါက်လာမည့် အခွင့်အရေးများကို အမိအရဆုပ်ကိုင်ဖို့လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်က မိမိအနေဖြင့် စစ်တောင်းစက္ကူစက်ရုံကို ၁. ၉. ၂၀၁၁ ရက်နေ့မှ စတင်ငှားရမ်းခဲ့ပြီး ရှိသည့်ကုန်ကြမ်းများဖြင့် ၄ လခန့်သာ စက်ရုံအားလည်ပတ်နိုင်ခဲ့ပြီး၊ အကြောင်းအမျိုးမျိုးကြောင့် စက်ရုံအား ရပ်နားထားခဲ့ရကြောင်း၊ ယခုအခါ ဝန်ထမ်းများအလုပ်အကိုင်၊ အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး တာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ တာယာစက်ရုံ အကောင်အထည်ဖော်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရတို့၏ လမ်းညွှန်ခွင့်ပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဝန်ထမ်းများက ၎င်းတို့၏ဆန္ဒသဘောထားများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး ဝန်ထမ်းများကို ရင်းနှီးပွင့်လင်းစွာ နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ရှိ ရေဒီယယ်တာယာအမျိုးမျိုး ထုတ်လုပ်ပေးလျက်ရှိသော အမှတ် (၂၂) အကြီးစားစက်ရုံ (ဘီးလင်း) သို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ ဒုတိယအထွေထွေမန်နေဂျာက စက်ရုံဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဈေးကွက်ဝင်တာယာများ အဓိကထုတ်လုပ်ရောင်းချနိုင်ရေး၊ ထုတ်လုပ်မှုနှင့် ရောင်းချမှု ဟန်ချက်ညီစေရေး၊ စက်ရုံမှထုတ်လုပ်သည့်တာယာများ အရည်အသွေးရော၊ ဈေးနှုန်းပါ ယှဉ်ပြိုင်ရောင်းချနိုင်ရေးတို့ကို လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်း ရေဒီယယ်တာယာအမျိုးမျိုး ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**ကျောဖုံး (ထမနဲထိုးပြိုင်ပွဲ) မှ -**

မြန်မာ့ရိုးရာအစဉ်အလာတစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ ဝန်ထမ်းများ ချစ်ခင်စည်းလုံးပျော်ရွှင်စေရန်အတွက်လည်းကောင်း၊ စုပေါင်းဆောင်ရွက်မှုသရုပ်သကန်ကို ဖော်ဆောင်သည့်အနေဖြင့်သော်လည်းကောင်း ရည်ရွယ်ပြုလုပ်သည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီလ ၁၇ ရက်နေ့ ညနေပိုင်းက စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁) ၏ယာဉ်ရပ်နားကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာ စက်မှု




ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ ပျော်ရွှင်စွာတက်ရောက်အားပေးခဲ့ကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများ၊ လုပ်ငန်းများမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အကဲဖြတ်ကော်မတီဝင်များက စနစ်တကျစိစစ်ခဲ့ကြရာ ပထမဆုကို စက်မှုညွှန်ကြားရေးဦးစီးဌာနကလည်းကောင်း၊ ဒုတိယဆုကို အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းကလည်းကောင်း၊ တတိယဆုကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် စက်မှုစီမံကိန်းဦးစီးဌာနတို့က လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ထမနဲထိုးပြိုင်ပွဲအပြီးတွင် နှစ်သစ်ပျော်ပွဲရွှင်ပွဲအဖြစ် ဝန်ထမ်းများ၏ကာရာအိုကေသီချင်းဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ရိုးရာခြင်းလုံးပြိုင်ပွဲ၌ ရွှေတံဆိပ်နှစ်ဆုရ စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) မှ ထုတ်လုပ်ရေးကျွမ်းကျင် (၃) ဒေါ်ဖြူဖြူဝင်းက ခြင်းလုံးအလှပြခတ်ကစားမှုဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ မော်ဒယ်သမီးပျိုလေးများက ဝန်ကြီးဌာနမှထုတ်လုပ်သည့် အဝတ်အထည်များဝတ်ဆင်၍ မော်ဒယ်သရုပ်ပြမှုများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ထမနဲထိုးပြိုင်ပွဲနှင့် ကာရာအိုကေသီချင်းဆိုပြိုင်ပွဲများ၌ ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဝန်ထမ်းများအား အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံ၍ အခမ်းအနားကို ပျော်ရွှင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

## ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ ၅ သို့ -






## ( ၂၇ ) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထူးချွန်ဆုတံဆိပ်များရရှိခဲ့ကြသည့် စက်မှုဝန်ကြီးဌာနမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြု

စာမျက်နှာ ၃ သို့ -

## အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု [ အခြေခံ ] သင်တန်းအမှတ်စဉ် [ ၁ / ၂၀၁၄ ] သင်တန်းဖွင့်

စာမျက်နှာ ၆ သို့ -



## မြန်မာ့ရိုးရာထမနဲထိုးပြိုင်၊ နှစ်သစ်ပျော်ပွဲရွှင်ပွဲကျင်းပ

စာမျက်နှာ ၁၉ သို့ -



